# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တော်သလင်းလဆန်း (၆) ရက် ၊ တနင်္ဂနွေနေ့ ၊ (8-9-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၃၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကုံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကုံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး

**နေပြည်တော် စက်တင်ဘာ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ်(၁၆)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ကုံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ **စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ

၂၀၂၄ ခုနှစ် စက်တင်ဘာ ၈ ရက်

အယ်ဒီတာ့အာဘော်

# စာတတ်မြောက်ရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသို့

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)က ၁၉၆၆ ခုနှစ်တွင်ကျင်းပသည့် ၁၄ ကြိမ်မြောက် အထွေထွေညီလာခံကြီးတွင် နှစ်စဉ် စက်တင်ဘာ ၈ ရက်နေ့ကို နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ကြေညာခဲ့သည်။ UNESCO က ကြီးမှူး၍ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားများကို ၁၉၆၇ ခုနှစ်မှစတင်၍ နှစ်စဉ် စက်တင်ဘာ ၈ ရက်နေ့တွင် မျက်မှောက်ကမ္ဘာ့အခြေအနေများနှင့် လိုက်လျောညီထွေရှိသော ဆောင်ပုဒ်များချမှတ်ကာ အကောင်အထည်ဖော်လျက်ရှိသည်။ ယခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့၏ ဆောင်ပုဒ်မှာ "အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံပညာရေးကို မြှင့်တင်ကြပါစို့" ဟူ၍ ဖြစ်ပါသည်။

နိုင်ငံတစ်ခု၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ထိုနိုင်ငံရှိပြည်သူများ၏ အရေအတွက်ကို အရည်အချင်းသို့ ပြောင်းလဲခြင်းပင်ဖြစ်သည်။ ထိုသို့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် လူတိုင်းစာတတ်မြောက်ရေးသည် အခြေခံအကျဆုံးလိုအပ်ချက်တစ်ခုဖြစ်သည်။ အခြေခံကျသော စာရေး၊ စာဖတ်မှုတတ်မြောက်ပြီးမှသာ နည်းပညာ၊ အသိပညာ၊ အတတ်ပညာများကို ကျွမ်းကျင်မှုရှိအောင် ဆက်လက်လေ့လာသင်ယူသွားနိုင်မည်ပင်ဖြစ်သည်။ ထိုပညာရပ်များ တတ်မြောက်ကျွမ်းကျင်မှုမြင့်မားလာသည်နှင့်အမျှ နိုင်ငံ၏လူသားအရင်းအမြစ်၏ တန်ဖိုးမှာလည်း မြင့်မားလာမည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် ၃ ဒသမ ၅ သန်းခန့်မှာ စာမတတ်သူဦးရေများဖြစ်ကြပြီး အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာကို ပြီးဆုံးအောင်မသင်ကြားနိုင်ခဲ့သည့် ကလေးသူငယ် ၂ ဒသမ ၇ သန်းရှိခဲ့ကြောင်း တွေ့ရှိရသည်။ သက်ကြီးစာမတတ်သူများအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ပညာရေးဝန်ကြီးဌာနဦးဆောင်၍ သက်ဆိုင်ရာဒေသနေ စေတနာရှင်လုပ်အားပေးများ၏ အင်အားဖြင့်လည်းကောင်း၊ တက္ကသိုလ်၊ ကောလိပ်တို့ ကျောင်းပိတ်ချိန်နှင့်သက်ဆိုင်သော ကာလများတွင် လုပ်အားပေးကျောင်းသား၊ ကျောင်းသူများ၏ အင်အားဖြင့်လည်းကောင်း လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်နှစ်ပတ်လုံး အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

စာတတ်မြောက်ရေး လူထုလှုပ်ရှားမှုဆောင်ရွက်မှုသည် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အလယ်တွင် နာမည်ကောင်းရရှိထားပြီးဖြစ်သည်။ ခေတ်အဆက်ဆက်တွင် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို အမျိုးသားရေးအသွင်ဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြသဖြင့် UNESCO အဖွဲ့ကြီးက ၁၉၇၁ ခုနှစ်တွင် မိုဟာမက်ရီဇာပါလာဗီဆုကိုလည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် နိုမာဆုကိုလည်းကောင်း ထိုက်တန်စွာပေးအပ်ချီးမြှင့်ခံခဲ့ရသည်မှာ စာတတ်မြောက်ရေးကို အလေးထားသော မြန်မာလူမျိုးတို့၏ ဂုဏ်ယူဖွယ်ရာစွမ်းဆောင်ရည်ပင်ဖြစ်ပါသည်။

စာတတ်မြောက်မှုဆိုသည်မှာ လူသားတစ်ဦးချင်း၏ ရပိုင်ခွင့်နှင့် ဂုဏ်သိက္ခာရှိမှုတစ်ရပ်ဖြစ်သည့်အတွက် စာတတ်မြောက်မှုအရေးကြီးပုံကို သတိပေးနှိုးဆော်မှုတစ်ရပ်အဖြစ် နှစ်စဉ် စက်တင်ဘာ ၈ ရက်နေ့တိုင်းကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးက အလေးထားကျင်းပခြင်းဖြစ်သည်။ စာတတ်မြောက်မှသာ ပညာတတ်သူများအဖြစ် တက်လှမ်းနိုင်မည်ဖြစ်ရာ မည်သည့်ခေတ်အခြေအနေမျိုးတွင်မဆို နိုင်ငံသားတိုင်း စာတတ်မြောက်ရေးမှ ပညာရည်မြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များအဖြစ် နိုင်ငံနှင့်လူမျိုးအကျိုးကို စွမ်းစွမ်းတမံသယ်ပိုးနိုင်ရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ သော့ချက်ပင်ဖြစ်ပါကြောင်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# ပြည်ပကဝယ်ယူမှုများပြားလာခြင်းကြောင့် မန္တလေးဈေးကွက်တွင် မြေထောက်ပဲ အရောင်းအဝယ်ကောင်းမွန်လာ



**မန္တလေး စက်တင်ဘာ ၇**

ပြည်ပက ဝယ်ယူမှုများပြားလာခြင်းကြောင့် မန္တလေးဈေးကွက်တွင် မြေထောက်ပဲအရောင်းအဝယ် ကောင်းမွန်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မြေထောက်ပဲမှာ ယခင်က ကုန်သည်များက ဝယ်ယူမှုနည်းသဖြင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ လက်ရှိတွင် မြေထောက်ပဲများကို တရုတ်နိုင်ငံဘက်က ဝယ်ယူမှု များပြားလာသည့်အပြင် ပြည်တွင်း၌လည်း မြေထောက်ပဲများ အရောင်းအဝယ်ပြန်လည်ကောင်းမွန် လျက်ရှိကြောင်း သိရသည်။

"မြေထောက်ပဲတွေကို အခုလက်ရှိအချိန်မှာ ပြည်ပနိုင်ငံတွေဖြစ်တဲ့ တရုတ်နိုင်ငံအပြင် အိန္ဒိယနိုင်ငံဘက်ကပါ ပြန်ပြီး ဝယ်ယူမှုတွေ ရှိလာပါတယ်။ ပြည်တွင်းကလဲ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက်ပိုပြီး အရောင်းအဝယ် ကောင်းမွန်လာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် စက်တင်ဘာ ၆ ရက် ပေါက်ဈေးအရ မြေထောက်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"မြေထောက်ပဲက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်တဲ့ ပဲအမျိုးအစားတွေထဲက တစ်မျိုးအပါအဝင်ဖြစ်ပါတယ်။ မန္တလေးကုန်စည်ဒိုင်မှာလဲ မြေထောက်ပဲက အရောင်းအဝယ်ကောင်းမွန်နေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မြေထောက်ပဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

(၁၈၄)

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၁၂၈၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကျောက်မြောင်း စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၂၈၅၀ ထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၆၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၂၈၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကျောက်မြောင်းမြို့နယ်ခွဲအတွင်း မြေပဲ ၁၂၈၆၇ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၈၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲ၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် ၂၀၀၀၀၀ ကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှု ကောင်းလျက်ရှိကြောင်း သိရသည်။

''ဖျာပုံမြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို ဩဂုတ်လ ပထမပတ်လောက်ကနေစတင်ပြီး ဝယ်လိုအားက သိသိသာသာ တက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကိုပွဲရုံပိုင်ရှင်တွေက အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်"ဟု ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါဆန်ကွဲတင်ပို့ရောင်းချအား တက်လာခြင်း၊ဈေးကောင်းရရှိလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုးညိုမြို့နယ် ဇောဓိကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေထုတ်ချေး

**မိုးညို စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ကုန်းကျေးရွာအုပ်စု ဇောဓိကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြား မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက်ဇောဓိကုန်းကျေးရွာ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၆၀ ကို ငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သုတ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးကျော်သန်း-ဒေါ်မြင့်မြင့်သန်း မိသားစုက ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့



**ကျိုက်လတ် စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း ကျိုက်လတ်မြို့နယ်ရှိ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီဝင်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ငါးမြွေထိုးခြောက် ပိဿာချိန် ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက် ထိ ငါးမြွေထိုးခြောက် ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးမြွေထိုးအစိမ်းများကို ဝယ်ယူပြီး စနစ်တကျအခြောက်လှန်း တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ငါးမြွေထိုးခြောက်တွေကို လစဉ်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လပထမပတ်က ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးခြောက်တွေတင်ပို့ရောင်းချမှုများပြားခဲ့ပါတယ်။ ဩဂုတ်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးခြောက်တွေကို မှာယူမှုများပြားလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသအတွက် အလုပ်အကိုင်ဖန်တီးပေးတဲ့ လုပ်ငန်းပါ။ အခုလို ငါးခြောက်တွေမှာ ကုန်များလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အကုန်အဆင်ပြေလာပါတယ်''ဟု ကျိုက်လတ်မြို့နယ်ရှိ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးမြွေတိုးခြောက်များ တစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသမှငါးခြောက်များပိုမို တင်ပို့ရောင်းချနေရခြင်းကြောင့် ငါးခြောက် ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ငါးခြောက်လုပ်သားများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မလှိုင်မြို့နယ် ဘီးစပ်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖျောက်ဆိပ်ကုန်းကျေးရွာအုပ်စု ဘီးစပ်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဘီးစပ်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘီးစပ်ကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၉ ဦးကို ငွေကျပ် ၃၄ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၉၈၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ခင်ဦး စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၉၈၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၁၀၀၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၉၈၄၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ မိုးစပါးဧက ၁၀၀၀၀၀ စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ၅၉၈၄၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးသတ်မှတ်လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက လိုအပ်သည့်ပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်ထံမှ သိရသည်။

(၂၀၆)



# အာရုံငါးပါးဖြင့် ဈေးကွက်လုပ်ငန်းများဖော်ထုတ်ခြင်း

**မျိုးသူ(ကုန်သွယ်မြှင့်)**

ကျွန်တော်တို့၏ ဘဝတစ်ခုလုံးတွင် အင်တာနက်သည် စိမ့်ဝင်ပျံ့နှံ့ပြီးဖြစ်သည်ဟု ဈေးကွက်ဖော်ဆောင်ရေးဘုရင် ဖီးလစ်ကော့တလာက သူ၏ Marketing 6.0 စာအုပ်တွင် ဆိုထားသည်။ ကျွန်တော်တို့သည် အင်တာနက်ပေါ်လာချိန်မှစပြီး ယနေ့ထိ အင်တာနက်နှင့်ပတ်သက်သော အသုံးအဆောင်အမျိုးမျိုးကိုသုံးစွဲရင်း အင်တာနက်နှင့် ဒစ်ဂျစ်တယ်ကိရိယာများသည် ဘဝတွင်မရှိမဖြစ်ဖြစ်လာနေသည်။ အလုပ်ခွင်တွင်ဖြစ်စေ၊ အိမ်တွင်ဖြစ်စေ အင်တာနက်မပါသော အချိန်မရှိသလောက် ဖြစ်လာသည်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသောအခါ အပြင်သို့မထွက်ရခြင်း၊ လူချင်းတွေ့ဆုံရန်ခက်ခဲခြင်းများကြောင့် အင်တာနက်သုံးစွဲမှုကိုအဆုံးစွန်သို့ ရောက်အောင်တွန်းပို့ခဲ့သည်။ လူမှုရေးကိစ္စ၊ စီးပွားရေးကိစ္စအားလုံးတွင် အင်တာနက်မှတစ်ဆင့် ဆက်သွယ်ခြင်းများကသာ ပိုမိုများပြားခဲ့သည်။ လူအများစုသည် အလုပ်များကိုအိမ်တွင်ပင် လုပ်ကြရပြီး အိမ်တွင်လုပ်သော အလုပ်ကိစ္စများ (Work from Home) သည် အလုပ်သမား၊ ဝန်ထမ်းများအားလုံးနှင့်ပတ်သက်လာသလိုဖြစ်လာသည်။

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဟင်းမှာစားမလား။ ဈေးဝယ်မလား။ အလုပ်လုပ်မလား။ အားလုံးသည် ဒစ်ဂျစ်တယ်ကမ္ဘာအဖြစ် ကိုယ့်ပတ်ဝန်းကျင်တွင် တည်ဆောက်လာကြသည်။ အလုပ်ချိန်သည်လည်း သတ်သတ်မှတ်မှတ်ကွဲကွဲပြားပြားဖြစ်မနေတော့ဘဲ ဝေဝါးလာသည်။ အွန်လိုင်းအစည်းအဝေးများကို Zoom ဖြင့် လုပ်ကိုင်တတ်လာကြပြီး ဆက်သွယ်မှုသည်အတိုင်းအဆမဲ့လာသဖြင့် ကျောင်းများ၊ စာသင်ခန်းများနှင့်ရုံးခန်းများသည် မှေးမှိန်လာသည်ကို တွေ့နိုင်သည်။ ဂျပန်နိုင်ငံကဲ့သို့ ခေတ်မီတိုးတက်သောနိုင်ငံတချို့တွင် တစ်ပတ်တာ အလုပ်လုပ်ချိန်ကို လျှော့ချလာသည်ထိ ဒစ်ဂျစ်တယ်ကိရိယာများတိုးတက်လာသည်။ အင်တာနက်အသုံးပြုနိုင်သည့် တယ်လီဖုန်း၊ တီဗီ၊ ကွန်ပျူတာ၊ လက်တော့၊ အိုင်ပက် စသည့်လေးထောင့်ကွက်များဖြင့်သာကြည့်၍ အချိန်ကုန်လွန်ကြရသည်။

ကိုဗစ်-၁၉ အလွန်ကာလသို့ ရောက်ရှိလာသော်လည်း အင်တာနက်အသုံးပြုမှုသည် ဆက်လက်များပြားနေသည်ကိုတွေ့နိုင်သည်။ လူသားတို့၏ အသိပညာစွမ်းရည်အတွက် လိုအပ်ချက်တစ်ခုဖြစ်လာပြီး ပို၍လိုအပ်လာနေပြီဖြစ်သည်။

**ဒစ်ဂျစ်တယ်ကြောင့်ပြောင်းလဲလာသည့် ဈေးကွက်ဖော်ဆောင်ရေးနည်းလမ်းများ**

ဤနေရာတွင် ဈေးကွက်ဖော်ဆောင်ရေးသမားတစ်ဦးအနေဖြင့် ဒစ်ဂျစ်တယ်ကမ္ဘာအတွင်း ဝင်ရောက်ပြီး ဈေးကွက်ထိုးဖောက်ခြင်းကို ဒစ်ဂျစ်တယ်ကိရိယာများသုံး၍သာ ဈေးကွက်ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ဈေးကွက်ဖော်ဆောင်ရေးသမားသည် ဖောက်သည်များအတွက် အမြင်နှင့် အကြားအာရုံနှစ်ခုအတွက်သာ မိမိရောင်းချမည့် ကုန်ပစ္စည်းကိုဖော်ပြရန်လိုအပ်သည်။ ထိတွေ့မှုအပိုင်း၊ အနံ့အရသာအပိုင်းများအတွက် ဒစ်ဂျစ်တယ်မှ ဈေးကွက်ဖော်ဆောင်ရာတွင် မလိုအပ်သည်ကို တွေ့မြင်နိုင်သည်။

ပညာရေးကဏ္ဍကိုကြည့်လျှင် လူကိုယ်တိုင်တက်ရောက်ရသည့်ကျောင်းများတွင် ကျောင်းသားဦးရေလျော့ကျလာသည်ကိုတွေ့နိုင်သည်။ မည်သည့်နိုင်ငံမဆို ကျောင်းပညာရပ်ကို Online မှသင်ကြားနိုင်လာသည်ကို တွေ့မြင်နိုင်ပြီး လက်တွေ့လုပ်ငန်းများလုပ်ကိုင်ခြင်းကိုပင် Digital Screen များပေါ်မှ တစ်ဆင့် လေ့လာနိုင်သည်၊ လက်တွေ့လေ့ကျင့်သင်ယူနိုင်သည်ကို တွေ့လာရသည်။ ထို့ကြောင့် လက်တွေ့ဆောင်ရွက်ရသည့်လုပ်ငန်းများကို လူချင်းတွေ့ဆုံ၍ ဆောင်ရွက်ရ၊ သင်ကြားရသည့် လိုအပ်ချက်နည်းပါးလာသည်ကိုတွေ့ရသည်။ ထို့ကြောင့်ပင် ကြော်ငြာကဏ္ဍများ၊ ဈေးကွက်ဖော်ဆောင်သည့် ကဏ္ဍများတွင်လည်း ပြောင်းလဲမှုများပေါ်ပေါက်လာသည်ကို တွေ့နေရခြင်းဖြစ်သည်။

AI နည်းပညာတိုးတက်လာသည်နှင့်အတူ ဈေးကွက်ဖော်ဆောင်မှုများတွင် များစွာပြောင်းလဲမှုများလည်း လိုက်ပါဖြစ်ပေါ်လာသည်။ ဈေးကွက်သုတေသနလုပ်ငန်းများ၊ ဖောက်သည်များ၏ လိုအပ်

**❖ ဈေးကွက်ဖော်ဆောင်ရေးသမားတစ်ဦးအနေဖြင့် ဒစ်ဂျစ်တယ်ကမ္ဘာအတွင်းဝင်ရောက်ပြီး ဈေးကွက်ထိုးဖောက်ခြင်းကို ဒစ်ဂျစ်တယ်ကိရိယာများသုံး၍သာ ဈေးကွက်ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ဈေးကွက်ဖော်ဆောင်ရေးသမားသည် ဖောက်သည်များအတွက် အမြင်နှင့် အကြားအာရုံနှစ်ခုအတွက်သာ မိမိရောင်းချမည့်ကုန်ပစ္စည်းကိုဖော်ပြရန်လိုအပ်သည်။ ထိတွေ့မှုအပိုင်း၊ အနံ့အရသာအပိုင်းများအတွက် ဒစ်ဂျစ်တယ်မှဈေးကွက်ဖော်ဆောင်ရာတွင် မလိုအပ်သည်ကို တွေ့မြင်နိုင်သည်။❖**

ချက်များကိုလေ့လာမှုများ၊ ဖောက်သည်များ၏ စိတ်ကျေနပ်မှုကို လေ့လာခြင်းများတွင်ကြည့်လျှင် ဈေးကွက်အတွင်းသို့ ကိုယ်တိုင်သွားရန်နှင့် ဖောက်သည်များကို လူချင်းတွေ့ရန်ပင်မလိုအပ်တော့သကဲ့သို့ဖြစ်လာသည်။ မည်သို့ပင်ဆိုစေကာမူ အဆိုပါဒစ်ဂျစ်တယ်ကမ္ဘာ၏ အာရုံခံစားမှုသည် အမြင်နှင့်အကြားအာရုံနှစ်ခုသာ အဓိကဖြစ်သည်ကို တွေ့နေရသည်။

**ဒစ်ဂျစ်တယ် မောပန်းနွမ်းနယ်မှု**

ဒစ်ဂျစ်တယ်များကို သုံးစွဲမှုအလွန်အကျွံဖြစ်လာသည်နှင့်အမျှ ဒစ်ဂျစ်တယ်ကိစ္စများကြောင့် မောပန်းနွမ်းနယ်မှုနှင့် စိတ်ကုန်ခန်းမှုများလည်း ဖြစ်ပေါ်လာသည်။ ကမ္ဘာပေါ်တွင် နေ့စဉ်အင်တာနက်အသုံးပြုမှုသည် တစ်နေ့တာအတွက် ပျမ်းမျှအားဖြင့် ၆ ဒသမ ၅ နာရီထိရောက်လာပြီဟု ခန့်မှန်းထားကြောင်း သိရသည်။ အမေရိကန်နိုင်ငံတွင် တစ်နေ့လျှင် ခုနစ်နာရီကျော်ထိရှိလာပြီဖြစ်ကြောင်းသိရသည်။ ကုန်ပစ္စည်းရောင်းဝယ်ရာတွင်လည်း ဖောက်သည်များနှင့် ဆက်သွယ်ရန်အတွက် ပိုမို၍လွယ်ကူလာပြီး ရောင်းချနိုင်သည့်အခွင့်အလမ်းများကို ပိုမိုရရှိစေသည်။ ရောင်းချသူအသစ်များအနေဖြင့် အင်တာနက်ရှိရုံဖြင့် ရောင်းချနိုင်သည့် အခွင့်အလမ်းများရှိလာသည်။ ကြီးမားသောလုပ်ငန်းများကိုလည်း ယှဉ်ပြိုင်လာနိုင်သည်ကိုတွေ့ရသည်။

လုပ်ငန်းကြီးများ၊ ကုန်ကျစရိတ်ကြီးမားစွာဖြင့် အရောင်းဆိုင်များကိုတည်ထောင်ရန် မလိုသဖြင့် ကုန်ကျစရိတ်သက်သက်သာသာဖြင့် ရောင်းချနိုင်လာသည်ကိုတွေ့ရသည်။ အားသာချက်များ၊ အခွင့်အလမ်းများ ပိုမိုထွန်းကားလာသကဲ့သို့ပင် တစ်ဖက်တွင်လည်း အခက်အခဲများ၊ စိန်ခေါ်မှုများကလည်း မိတ်ဆက်လာနေသည်ကိုတွေ့နေရသည်။ ထိုအထဲတွင် ဒစ်ဂျစ်တယ်နွမ်းနယ်မှုဟုခေါ်နိုင်သော အကြောင်းတစ်ခုလည်းဖြစ်ပေါ်လာသည်။ အထူးသဖြင့် အင်တာနက်နှင့်ဒစ်ဂျစ်တယ်ကိရိယာများကို အလွန်အကျွံနှင့်အချိန်ကြာမြင့်စွာ သုံးစွဲသည်နှင့် အမျှ ပင်ပန်းနွမ်းနယ်၊ အားအင်ကုန်ခန်းခြင်းများသည် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ နှစ်မျိုးလုံးတွင် ဖြစ်ပွားလာသည်။ ထိုသို့ ဒစ်ဂျစ်တယ်ပင်ပန်းနွမ်းနယ်မှုသည်ကြာမြင့်လာသည်နှင့်အမျှ အလုပ်တွင် ကုန်ထုတ်လုပ်မှုစွမ်းရည် လျော့ကျလာခြင်းနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကိုပါ ထိခိုက်လာနိုင်သည်။ ထိုကဲ့သို့သော ပြဿနာကြီးထွားလာချိန်တွင် ဆယ်ကျော်သက်များကြား၌ ဒစ်ဂျစ်တယ်ပင်ပန်းနွမ်းနယ်မှုကိုဖြေလျှော့သည့်နည်းလမ်းများ ကျင့်သုံးလာကြသည်ကိုတွေ့လာရသည်။

**ဒစ်ဂျစ်တယ်နွမ်းနယ်မှုကိုဖြေလျှော့မည့်အစီအစဉ်များ**

ထိုကဲ့သို့ စိတ်အပန်းဖြေမှုများကို ဒစ်ဂျစ်တယ်အဆိပ်ဖြေခြင်းဟုခေါ်ဆိုသည်။ ထိုနေရာတွင် အင်တာနက်နှင့် ဒစ်ဂျစ်တယ်ကိရိယာများကို သုံးစွဲခြင်းမပြု၊ ကွန်ပျူတာ၊ ဖုန်းမျက်နှာပြင်များကဲ့သို့ အင်တာနက်ချိတ်ဆက်နိုင်သည့် ကိရိယာများ ကင်းလွတ်ရာနေရာတစ်ခုတွင် လူချင်း၊ မိတ်ဆွေချင်း တွေ့ဆုံကာ ခေတ္တအနားယူမှုပြုလုပ်ကြခြင်းဖြစ်သည်။ ကော်ဖီဆိုင်တစ်ခုကဲ့သို့ နေရာတစ်ခုရွေးချယ်ပြီး လူချင်းပြန်လည်ဆုံတွေ့ပြောဆိုကြခြင်းဖြစ်သည်။

ဒစ်ဂျစ်တယ်ကမ္ဘာတစ်ခုလုံးကိုပြန်ကြည့်လျှင် လူတစ်ဦးချင်းသည် တစ်နေရာစီတွင်ရှိနေပြီး လေးထောင့်မျက်နှာပြင်တစ်ခုအတွင်းမှ တစ်ဦးနှင့်တစ်ဦးဆက်သွယ်ခြင်း၊ အလုပ်လုပ်ကြခြင်းဖြစ်သဖြင့် အာရုံခံစားမှုအပိုင်းတွင် အမြင်နှင့်အကြားအာရုံနှစ်ခုသာအဓိကပါဝင်နေပြီး အခြားသော အနံ့၊ အရသာနှင့်အထိအတွေ့ဆိုသည့်အပိုင်းများ ပါဝင်ခြင်းမရှိသည်ကိုတွေ့နိုင်သည်။ Apple ကုမ္ပဏီအနေဖြင့် သူ၏ဝန်ထမ်းများ Screen time ကိုလျှော့ချရန်အတွက် အားပေးလာသည်ကိုတွေ့နိုင်သည်။ ထို့အတူ Heineken ကဲ့သို့ ကုမ္ပဏီကြီးသည်လည်း Screen time ကို လျှော့ချသည့်လှုပ်ရှားမှုများ၊ လူမှုရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်စေမှုများနှင့် မိတ်ဆွေချင်းလူချင်းတွေ့ဆုံမှုများဆောင်ရွက်ရန် အားပေးခြင်းများ ပြုလုပ်လာသည်။

ဒစ်ဂျစ်တယ်ပင်ပန်းနွမ်းနယ်မှုများကို အများအားဖြင့် နည်းလမ်းလေးသွယ်ဖြင့် ဖြေလျှော့နိုင်သည်ဟုသိရသည်။ အဆိုပါနည်းလမ်းများထဲမှတစ်နည်းမှာ အထက်တွင်ဖော်ပြသည့် လူငယ်များကြားတွင် ရေပန်းစားသော Digital Detox ဟုခေါ်သည့် အဆိပ်ဖြေ၊ အနားယူသည့်နည်းလမ်းဖြစ်သည်။ အခြားနည်းလမ်းများမှာ သမာရိုးကျထုထောင်သော နည်းလမ်း၊ ခေတ်ဟောင်းပစ္စည်းများကို ပြန်လည်သုံးစွဲသည့်နည်းလမ်း၊ အင်တာနက်နှင့်အလှမ်းဝေးရာသို့ ခရီးထွက်ခြင်းနည်းလမ်းတို့ဖြစ်ကြသည်။

သမာရိုး ထုထောင်သောနည်းလမ်းမှာလည်း လူကြီးလူငယ်များကြားတွင် ခေတ်စားလာပြီး ပင်ပန်းနွမ်းနယ်မှုကို ကောင်းစွာဖြေလျှော့ပေးနိုင်ကြောင်းတွေ့လာသည်။ သမာရိုးထုထောင်သည့် နည်းလမ်းများ၊ အလေ့အကျင့်များသည် စိတ်ပိုင်းဆိုင်ရာခံစားချက်များကိုလည်း ပိုမိုကောင်းစေကြောင်းသိရှိလာကြသည်။ အပိုင်းလိုက်ဆိုပါက ဆီလီကွန်ဗယ်လီမှ ဂူလ်ဂဲလ်နှင့် မီတာကုမ္ပဏီများတွင်ပါ ထင်ရှားလာသည်ဟုဆိုသည်။ နည်းပညာခေတ်သို့ လျင်မြန်စွာပြောင်းလဲနေသော်လည်း ထိန်းညှိမှုတစ်ခုအနေဖြင့် သမာရိုးထုထောင်သော နည်းလမ်းသည် လက်နက်တစ်ခုအဖြစ် အသုံးချလာသည်ကိုတွေ့ရကြောင်း သိရသည်။

အခြားသောနည်းလမ်းတစ်ခုမှာ လူငယ်များကြားတွင် ရေပန်းစားသော ခေတ်ဟောင်းပစ္စည်းများကိုပြန်လည်သုံးစွဲသောနည်းလမ်းဖြစ်သည်။ ခေတ်ဟောင်းပစ္စည်းများဆိုသော်လည်း ဆက်သွယ်ရေးကိရိယာများကို အဓိကအားဖြင့်ဆိုလိုပြီး တယ်လီဖုန်းများထဲတွင် နိုကီယာဖုန်းကဲ့သို့ အင်တာနက်ချိန်ဆက်ပြီး ကြည့်၍မရသည့် ကီးပက်ဖုန်းများကို ပြန်လည်သုံးစွဲခြင်း၊ ဖလင်သုံးရသည့် ကင်မရာများကို ပြန်လည်သုံးစွဲလာခြင်းတို့ဖြစ်သည်။ နိုကီယာကို ထုတ်လုပ်သည့် HMD Global Company ၏ ၂၀၂၂ အစီရင်ခံစာအရ အမေရိကန်နိုင်ငံတွင် အမျိုးစုံ သော နိုကီယာဖုန်းများ၏ရောင်းအားသည် ၄၃ ရာခိုင်နှုန်းထိ တိုးတက်လာသည်ဟုဆိုသည်။ အလားတူပင် အသံသာဖမ်း၍ရသော ရေဒီယို၊ ကက်ဆက်များ၊ ဖလင်သုံးသည့် ကင်မရာများ၏ရောင်းအားသည်လည်း လွန်ခဲ့သောငါးနှစ်အတွင်း ပြန်လည်မြင့်တက်လာသည်ဟုဆိုသည်။

လူငယ်များကြားတွင် ဒစ်ဂျစ်တယ်ပင်ပန်းနွမ်းနယ်မှုကိုလျှော့ချနိုင်သည့် အင်တာနက်နှင့် အလှမ်းဝေးသည့်နေရာများ၊ ဒေသများသို့ ခရီးထွက်ခွာအနားယူခြင်းသည်လည်း ခေတ်စားသည်ဟုသိရသည်။ သဘာဝ၏အလှအပများ၊ နေရောင်ခြည်ခံစားခြင်းများ၊ တောတောင်များကြားတွင် တဲထိုး၍နေထိုင်ပြီး အင်တာနက်မှ ခေတ္တရှောင်ရှားခြင်းများဖြစ်သည်။ ထို့ပြင် လျှပ်စစ်ကြိုးမဲ့ တီးခတ်သည့် ကိရိယာများဖြင့် တီးခတ်သီဆိုဖြေဖျော်မှုများကို နားဆင်ကြည့်ရှုခြင်းများသည်လည်း ယေဘုယျဆန္ဒရှိနေကြသောကိစ္စများဖြစ်ကြသည်။ လေးထောင့်မျက်နှာပြင်များဖြစ်သော ဒစ်ဂျစ်တယ်ကိရိယာများ မရှိ၊ မပါသည့် ခရီးမျိုး၊ တောတောင်နေရာများတွင် တဲထိုး၍ နေထိုင်အနားယူခြင်းမျိုးကို အနားယူအပန်းဖြေခရီးများတွင် ပိုမိုတောင်းဆိုလာကြောင်း သိရသည်။

အထက်ပါနည်းလမ်းအားလုံးသည် ဒစ်ဂျစ်တယ်ပင်ပန်းနွမ်းနယ်မှုများကို ဖြေလျှော့ပေးနိုင်သောနည်းလမ်းများဖြစ်ပြီး အဆိုပါနည်းလမ်းများအားလုံးသည် ဒစ်ဂျစ်တယ်ကိရိယာများ၊ အင်တာနက်လိုင်းများနှင့် ဝေးကွာသောနေရာများဖြစ်သည်ကို တွေ့နိုင်သည်။

**အာရုံငါးပါးအတွက် ဈေးကွက်ဖော်ဆောင်ရေး**

ဒစ်ဂျစ်တယ်နည်းပညာများ တိုးတက်လာသကဲ့သို့ ထိုကိရိယာများကိုသုံးစွဲရင်း လူသားတို့၏ စိတ်တွင် လေးထောင့်မျက်နှာပြင်များနှင့် အကြားနှင့်အမြင်အာရုံပေါ်တွင်သာ ခံစားနေရသည်ကို ငြီးငွေ့မှုများပေါ်ပေါက်လာနေသည်ဟု ဖော်ပြခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့ါအပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့ အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့ အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၄၃၀၁၀ စိုက်ပျိုးပြီးစီး



**မြောင်းမြ စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၄၃၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ဧက၁၄၃၀၁၀စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မိုးစပါးဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမိုးစပါးများ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အခုနှစ် အိမ်မဲမြို့နယ်မှာ မိုးစပါး ဧက ၁၄၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ မိုးစပါးဧကအားလုံးစိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့မိုးစပါးတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့ နည်းပညာတွေ ပို့ချဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ လိုအပ်တဲ့ သွင်းအားစုတွေကိုလဲ စပါးမစိုက်ခင်အချိန်ကတည်းက ကူညီပံ့ပိုးပေးခဲ့တာရှိပါတယ်။ မိုးစပါးတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ အတူ အခြားဌာနတွေကလဲ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာတွင် ပေါ်ဆန်းမွှေး၊ သီးထပ်ရင်၊ ရက် ၉၀၊ GW- 11၊ GW-1၊ ပခမ်း၊ ဧရာမင်း၊ မနော‌သုခ၊ ကျားပျံ၊ ဆင်းသုခ၊ နှံကား စသည့်စပါးအမျိုးအစားများ စိုက်ပျိုးထားကြောင်း၊ အဆိုပါစိုက်ပျိုးထားသည့်မိုးစပါးများ အထွက်နှုန်းကောင်းစေရန်၊အပျက်အစီးအလေအလွင့်မရှိစေရန်၊ တစ်ဧကချင်းအထွက်နှုန်းညီစေရန်၊ စပါးအရည်အသွေး ကောင်းစေရန်၊ စနစ်တကျ ပြန်လည်ရိတ်သိမ်းနိုင်ရန် စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ရင်းမာပွင့်ချိန်

- ရင်းမာပွင့်ချိန်
  နေခြည်ထိန်
  ပူရှိန်ကဲလျှံ ထန်တတ်သည်။

- ရင်းမာပွင့်လျှင်
  မိုးတိမ်ဆင်
  မြားသွင်မိုးစက် သက်တတ်သည်။

- ရင်းမာပွင့်လှိုင်
  ရနံ့ကြိုင်
  ပန်းခိုင်ဖူးပွင့် ဆင့်တော့သည်။

- ရင်းမာပင်ထက်
  ချိုတေးဆက်
  ချိုးငှက်တူယှဉ် ယဉ်ခဲ့ပြီ။

- ရင်းမာပန်းခူး
  ပျော်ရွှင်မြူး
  ရည်စူးလှူဒါန်း ဝမ်းမြောက်ပြီ။

- ရင်းမာပွင့်ဆဲ
  လှေပြိုင်ပွဲ
  တူနွဲပျော်ပျော် လှော်ကြပြီ။

- ရင်းမာပင်တန်း
  ရှာဝင်လမ်း
  ထုံလျှမ်းဖြာဖြာ သာခဲ့ပြီ။

- ရာသီတော်ပန်း
  ရင်းမာလန်း
  ပတ်လွှမ်းပွင့်ဆိုင် မြိုင်ခဲ့ပြီ။ ။

**မန်းတင့်မော်**

➤ စာမျက်နှာ ၄ မှအဆက်

ထိုကဲ့သို့ ဒစ်ဂျစ်တယ်ပင်ပန်းနွမ်းနယ်မှုများကို ဖြေလျှော့သည့်နည်းလမ်းများအပြင် ဈေးကွက်ဖော်ဆောင်သူများဘက်ကလည်း အမြင်၊ အကြားအာရုံနှစ်မျိုးသာပါဝင်သော ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ဈေးကွက်ဖော်ဆောင်သည့်နည်းလမ်းများ၊ အနံ့၊ အရသာနှင့်အထိအတွေ့များပါဝင်သည့် အာရုံငါးပါးစလုံးပါဝင်သောဈေးကွက်ဖော်ဆောင်မှုများကိုလည်း လုပ်ဆောင်လာကြသည်ကိုတွေ့ရသည်။ အာရုံငါးပါးစလုံးကို ဆွဲဆောင်နိုင်သော နည်းလမ်းများကိုလည်းလှုံ့ဆော်လာကြသည်။ ဒစ်ဂျစ်တယ်ပင်ပန်းနွမ်းနယ်မှုကို ဖြေလျှော့နိုင်သည့်နည်းလမ်းလေးမျိုးစလုံးသည် အာရုံငါးပါးစလုံးကိုအသုံးပြုသည့်နည်းလမ်းများဖြစ်သဖြင့် အဆိုပါနည်းလမ်းများနှင့်ဆက်စပ်သည့် ကိရိယာများ၊ ကုန်ပစ္စည်းများကိုလည်း အာရုံငါးပါးစလုံးဖြင့်ကြော်ငြာရန် စီစဉ်လာကြသည်ဟုဆိုသည်။

ထို့ကြောင့် နည်းပညာများ တိုးတက်ပြောင်းလဲလာခြင်း၊ လျင်မြန်သောအရှိန်အဟုန်ဖြင့် ပြောင်းလဲလာခြင်းများကို လိုက်မီရန်ကြိုးပမ်းနေကြသော လူသားများအနေဖြင့် မောပန်းနွမ်းနယ်မှုများ၊ အလိုမကျမှုများ ပေါ်ပေါက်လာသည်မှာ မလွဲကေန်ဖြစ်သည်။ ထိုသို့ ပင်ပန်းနွမ်းနယ်မှုများကိုဖြေလျှော့မှုများကြည့်လျှင်လည်း ကျွန်တော်တို့ကဲ့သို့ ခေတ်နောက်ကျနေသော နိုင်ငံများအတွက် ခေတ်မီသူများပြန်လာရသည့် နေရာတစ်ခုဖြစ်နေသည်ကိုသိလာရသည်။ အင်တာနက်များဖြင့် အလှမ်းဝေးသောနေရာများကို ရှာဖွေလာကြသဖြင့် အလိုအလျောက် ရှေ့တန်းသို့ရောက်လာသော အင်တာနက်အလှမ်းဝေးရာ၊ တောတောင်သဘာဝများရှိရာနေရာများသည်ဈေးကွက်တစ်ခုအဖြစ်ရောက်လာနေပြီဖြစ်သည်။ ထို့ကြောင့် ဒစ်ဂျစ်တယ်ကြောင့်ဖြစ်ပေါ်လာနေသည့် ပင်ပန်းနွမ်းနယ်မှုများကိုဖြေလျှော့ခြင်းနှင့်ဆက်စပ်သည့် ကုန်ပစ္စည်းများကိုလည်း ဈေးကွက်တင်နိုင်လာပြီဖြစ်ကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**

–Philip Kotler's MARKETING 6.0)

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## အမေရိကန်သမ္မတဂျိုးဘိုင်ဒင် ဗြိတိန်ဝန်ကြီးချုပ်နှင့် တွေ့ဆုံမည်



**ဝါရှင်တန် စက်တင်ဘာ ၇**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် လာမည့်ရက်သတ္တပတ်အတွင်း ဝါရှင်တန်မြို့၌ ဗြိတိန်ဝန်ကြီးချုပ် ကီရာစတမ်မာနှင့် တွေ့ဆုံ ဆွေးနွေးမည်ဖြစ်ကြောင်း စက်တင်ဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်ဝန်ကြီးချုပ် စတမ်မာသည် စက်တင်ဘာ ၁၃ ရက်တွင် ဝါရှင်တန်မြို့ကို ဒုတိယအကြိမ်အဖြစ် သွားရောက်မည်ဖြစ်သည်။

စက်တင်ဘာ ၁၃ ရက် ဆွေးနွေးပွဲတွင် သမ္မတဂျိုးဘိုင်ဒင်နှင့် ဗြိတိန်ဝန်ကြီးချုပ်တို့သည် ယူကရိန်းပြဿနာနှင့် ဂါဇာကမ်းမြောင်ပြဿနာအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာပြဿနာများကို ဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

ဗြိတိန်ဝန်ကြီးချုပ် စတမ်မာသည် ယခုနှစ် ဇူလိုင်လအတွင်း မြောက်အတ္တလန်တစ် စာချုပ်အဖွဲ့ (နေတိုး)ထိပ်သီးညီလာခံ တက်ရောက်ရေးအတွက် အမေရိကန်နိုင်ငံသို့ သွားရောက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ခရီးစဉ်တွင်လည်း ဗြိတိန်ဝန်ကြီးချုပ် စတမ်မာသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

စတမ်မာသည် ယခုနှစ် ဇူလိုင်လတွင် ဝန်ကြီးချုပ်ရာထူး စတင်ရယူခဲ့သည့် လေဘာပါတီ ဝန်ကြီးချုပ်ဖြစ်ကြောင်းသိရသည်။

Ref : RT
Trs : KKO

## အမှိုက်အိတ်မိုးပျံပူဖောင်း ၉၀၀ ကျော် တောင်ကိုရီးယားဘက်သို့ မြောက်ကိုရီးယားလွှတ်တင်

**ဆိုးလ် စက်တင်ဘာ ၇**

မြောက်ကိုရီးယားနိုင်ငံသည် အမှိုက်အိတ် ချိတ်ဆွဲထားသည့် မိုးပျံပူဖောင်းများကို အရေအတွက် ရာနှင့်ချီ၍ တောင်ကိုရီးယားနိုင်ငံရှိသည့်ဘက် တောင်ဘက်စူးစူးသို့ လွှတ်တင်ခဲ့ကြောင်း တောင်ကိုရီးယား တပ်မတော်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် သုံးရက်တာကာလအတွင်း မြောက်ကိုရီးယားနိုင်ငံသည် အမှိုက်အိတ် မိုးပျံပူဖောင်းအလုံး ၉၀၀ ကျော်ကို တောင်ကိုရီးယားနိုင်ငံဘက်သို့ လွှတ်တင်ခဲ့ကြောင်း တောင်ကိုရီးယား တပ်မတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

မြောက်ကိုရီးယား နိုင်ငံက လွှတ်တင်ခဲ့သည့် အဆိုပါ အမှိုက်မိုးပျံပူဖောင်းများအနက် အလုံး ၁၀၀ ခန့်မှာ ဆိုးလ်မြို့နှင့် ကျောင်ဂီပြည်နယ်တို့၌ ကျရောက်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား မိုးပျံပူဖောင်းများနှင့်ပါလာသည့် အမှိုက်များမှာ အများအားဖြင့် စက္ကူနှင့် ပလတ်စတစ်များသာဖြစ်ပြီး အများပြည်သူများအတွက် ဘေးအန္တရာယ်မရှိကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

တောင်ကိုရီးယား တက်ကြွလှုပ်ရှားသူများ၏ ဝါဒဖြန့် မိုးပျံပူဖောင်းများ လွှတ်တင်နေမှုကို တုံ့ပြန်သည့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံသည် ယခုနှစ် မေလမှစ၍ စက်တင်ဘာ ၆ ရက်ထိ တောင်ကိုရီးယား နိုင်ငံဘက်သို့ အမှိုက်အိတ်မိုးပျံပူဖောင်း အလုံး ၅၀၀၀ နီးပါးထိ လွှတ်တင်ခဲ့သည်။

တောင်ကိုရီးယား နိုင်ငံကလည်း နှစ်နိုင်ငံနယ်စပ်တင်းမာမှု လျှော့ချရေး သဘောတူညီချက်တွင် ပါဝင်မှုရပ်ဆိုင်း၍ နယ်စပ်တစ်လျှောက် ဝါဒဖြန့်အသံထုတ်လွှင့်မှုများဖြင့် ပြန်လည်တုံ့ပြန်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ထိုင်းဘုရင်ရှေ့မှောက်၌ ညွန့်ပေါင်းအစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆို

**ဗန်ကောက် စက်တင်ဘာ ၇**



ထိုင်းဝန်ကြီးချုပ် ဖယ်ထုန်ထန်ရှင်နာဝပ်နှင့် ညွန့်ပေါင်းအစိုးရအဖွဲ့သစ်၏ အစိုးရအဖွဲ့ဝင်ဝန်ကြီး ၃၅ဦးတို့သည် စက်တင်ဘာ ၆ ရက်တွင် ထိုင်းဘုရင် မဟာဝိဇယလောင်ကွန်းရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ် ဖယ်ထုန်ထန် ဦးဆောင်သော ထိုင်းညွန့်ပေါင်းအစိုးရအဖွဲ့သစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲကို ဗန်ကောက်မြို့ ဒူဆစ်နန်းတော်၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါထိုင်းညွန့်ပေါင်းအစိုးရအဖွဲ့သစ်ကို ထိုင်းဘုရင် မဟာဝိဇယလောင်ကွန်းက စက်တင်ဘာ ၄ ရက်တွင် တရားဝင်အတည်ပြုပေးခဲ့ပြီးဖြစ်သည်။

အစိုးရအဖွဲ့သစ် အနေဖြင့် အစိုးရ တာဝန်ဝတ္တရားများကို ခိုင်မာသည့် ဆုံးဖြတ်ချက်များနှင့် ခွန်အားသတ္တိတို့ရှိထားကြရန် မိမိဆန္ဒပြုကြောင်း အစိုးရအဖွဲ့ကျမ်းသစ္စာကျိန်ဆိုပွဲတွင် ထိုင်းဘုရင်မင်းမြတ်က ပြောကြားခဲ့သည်။

ထိုင်းညွန့်ပေါင်းအစိုးရ အဖွဲ့သစ်တွင် ဝန်ကြီးနေရာ ၁၇ နေရာကို ဝန်ကြီးချုပ်ဖယ်ထုန်ထန်ရှင်နာဝပ်၏ ဖွေထိုင်းပါတီက ရယူထားပြီး ကျန်ဝန်ကြီးနေရာ ၁၉ နေရာကို ညွန့်ပေါင်းအုပ်စုဝင်ပါတီများက ခွဲဝေရယူထားသည်။

ပြီးခဲ့သည့်လအတွင်း ဝန်ကြီးချုပ်ရာထူးရရှိခဲ့သည့် အသက် ၃၈ နှစ်အရွယ် ဖယ်ထုန်ထန်ရှင်နာဝပ်သည် ထိုင်းနိုင်ငံ၏ အသက်အငယ်ဆုံး ဝန်ကြီးချုပ်အဖြစ် မှတ်တမ်းဝင်ထားသူဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ပုပ်ရဟန်းမင်းကြီးဖရန့်စစ်အား ခြိမ်းခြောက်မှုအတွက် လူပေါင်း ခုနစ်ဦးကို အင်ဒိုနီးရှားရဲတပ်ဖွဲ့ဖမ်းဆီး

**ဂျာကာတာ စက်တင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ၌ ပုပ်ရဟန်းမင်းကြီးဖရန့်စစ် ရောက်ရှိနေစဉ် အွန်လိုင်းမှတစ်ဆင့် အကြမ်းဖက်ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သူ ခုနစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က စက်တင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်အား အွန်လိုင်းမှတစ်ဆင့် အကြမ်းဖက်ခြိမ်းခြောက်ခဲ့သူများကို ဂျာကာတာမြို့ ပတ်ဝန်းကျင်မြို့များနှင့် အနောက်ဆူမတြားပြည်နယ်တို့၌ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖမ်းဆီးခံထားရသူများသည် ဂျာကာတာမြို့၌ ကျင်းပခဲ့သည့် ပုပ်ရဟန်းမင်းကြီး၏ အများပြည်သူများနှင့်တွေ့ဆုံပွဲကို ဗုံးခွဲတိုက်ခိုက်မည်ဟူသောခြိမ်းခြောက်ကြေညာချက်များကို အွန်လိုင်းပေါ်တွင် ထုတ်လွှင့်ခဲ့ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားထားသည်။

အသက် ၈၇ နှစ်အရွယ် ပုပ်ရဟန်းမင်းကြီးဖရန့်စစ်သည် ၁၂ ရက်ကြာ အရှေ့တောင်အာရှခရီးစဉ်၏ ပထမဆုံးခရီးထောက်အဖြစ် အင်ဒိုနီးရှားနိုင်ငံသို့ စက်တင်ဘာ ၃ ရက်တွင် ရောက်ရှိခဲ့သည်။

ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်သည် သုံးရက်ကြာ အင်ဒိုနီးရှားခရီးစဉ်ပြီးဆုံးခဲ့ပြီးနောက် လက်ရှိတွင် ပါပူဝါးနယူးဂီနီနိုင်ငံသို့ ရောက်ရှိနေကြောင်း သိရသည်။

ပါပူဝါးနယူးဂီနီ ခရီးစဉ်ပြီးဆုံးချိန်တွင် အရှေ့တောင်အာရှခရီးစဉ်၏ နောက်ဆုံးခရီးထောက်အဖြစ် စင်ကာပူနိုင်ငံသို့ဆက်လက်သွားရောက်မည် ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဥရောပသို့ ဦးတည်နေသော ရွှေ့ပြောင်းဝင်ရောက်သူများကို လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့ ကြားဖြတ်တားဆီး



**ထရီပိုလီ စက်တင်ဘာ ၇**

ရေယာဉ်တစ်စီးဖြင့် ဥရောပသို့ ဦးတည်သွားရောက်နေသော ရွှေ့ပြောင်းဝင်ရောက်သူ အများအပြားကို လစ်ဗျားကမ်းခြေစောင့်တပ်က စက်တင်ဘာ ၆ ရက်တွင် ကြားဖြတ် တားဆီးနိုင်ခဲ့ကြောင်း သိရသည်။

လစ်ဗျားကမ်းလွန်၌ လူပေါင်း ၂၀ ကျော် ပျောက်ဆုံးခဲ့ရသော ရေယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ပြီး ရက်အနည်းငယ်အကြာတွင် အဆိုပါ ရွှေ့ပြောင်းဝင်ရောက်သူများကို လစ်ဗျားကမ်းခြေစောင့်တပ်က ကြားဖြတ်တားဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

လစ်ဗျား ကမ်းခြေစောင့်တပ်က ကြားဖြတ်တားဆီးနိုင်ခဲ့သော ရေယာဉ်ပေါ်တွင် ဥရောပသို့သွားရောက်မည့် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ၆၄ ဦး လိုက်ပါလာကြောင်း သိရသည်။

လစ်ဗျား ကမ်းခြေစောင့်တပ်သည်အဆိုပါတရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများကို ကမ်းခြေသို့ ပြန်လည်ပို့ဆောင်ခဲ့ပြီး ၎င်းတို့ လိုက်ပါလာသော ရေယာဉ်ကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။

စက်တင်ဘာ ၄ ရက်ကလည်း လစ်ဗျားအရှေ့ပိုင်း တိုဘရွတ်ခ်မြို့ကမ်းလွန်၌ ရေယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ၂၂ ဦး ပျောက်ဆုံး သို့မဟုတ် သေဆုံးခဲ့ရသည်။

ယခုနှစ် ဇန်နဝါရီလနှင့် ဩဂုတ်လကြား ကာလအတွင်း လစ်ဗျားကမ်းလွန်၌ တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူ အနည်းဆုံး ၄၃၄ ဦးသေဆုံး၍ ၆၁၁ ဦး ပျောက်ဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## အစင်း ၇၀၀၀ မြောက် စတားလင့်ခ်ဂြိုဟ်တုပါဝင်သည့် စတားလင့်ခ်ဂြိုဟ်တုသစ်များကို Space-X ကုမ္ပဏီက လွှတ်တင်ခဲ့




**ဝါရှင်တန် စက်တင်ဘာ ၇**

စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်အတွက် အစင်း ၇၀၀၀ မြောက် စတားလင့်ခ်ဂြိုဟ်တုပါဝင်သည့် စတားလင့်ခ်ဂြိုဟ်တုသစ်များကို Space-X အာကာသနည်းပညာကုမ္ပဏီက စက်တင်ဘာ ၅ ရက်တွင် လွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ် ၂၁ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် စတားလင့်ခ်ဂြိုဟ်တုသစ်၂၁စင်းကိုသတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်နိုင်ခဲ့သည်။

အဆိုပါ မစ်ရှင်အောင်မြင်မှုကြောင့် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် Space-X ကုမ္ပဏီက လွှတ်တင်ထားသော စတားလင့်ခ် ဂြိုဟ်တုအရေအတွက် ၇၀၀၀ ကျော်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထိုမစ်ရှင်အတွက် အသုံးပြုခဲ့သော ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပင်မဒုံးယာဉ်သည် လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ် အကြာတွင် ၁၅ ကြိမ်မြောက်အဖြစ် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ဘိုးအင်းကုမ္ပဏီ၏ စတားလိုင်နာအာကာသလူသယ်ယာဉ် နိုင်ငံတကာအာကာသစခန်း(ISS) မှ ပြန်လည်ခွာထွက်လာပြီဖြစ်

**ဝါရှင်တန် စက်တင်ဘာ ၇**

ဘိုးအင်းကုမ္ပဏီ၏ စတားလိုင်နာ အာကာသလူသယ်ယာဉ်သည် ယနေ့တွင် နိုင်ငံတကာ အာကာသစခန်း(ISS)မှ ပြန်လည် ခွာထွက်လာပြီဖြစ်ကြောင်း သိရသည်။

အာကာသယာဉ်မှူးများပြန်လည်လိုက်ပါလာခြင်းမရှိသော စတားလိုင်နာ အာကာသလူသယ်ယာဉ်သည် တရုတ်နိုင်ငံအလယ်ပိုင်း ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၆၀ အကွာတွင် နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည်ခွာထွက်ခဲ့ခြင်းဖြစ်သည်။

စတားလိုင်နာ အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းမှ ခွာထွက်ခဲ့ပြီးနောက် ယနေ့တွင် နယူးမက္ကဆီကိုပြည်နယ် ဝိုက်ဆန်းအာကာသစခန်းနယ်မြေတွင် ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် ဘိုးအင်းကုမ္ပဏီတို့သည် စတားလိုင်နာ အာကာသယာဉ်လူသယ်ယာဉ်ကို နာဆာအာကာသယာဉ်မှူးနှစ်ဦးနှင့်အတူ ယခုနှစ် ဇွန် ၅ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။



သို့ရာတွင် ဒုံးကန်အားစနစ်ပြဿနာနှင့် ရင်ဆိုင်နေရသည့် စတားလိုင်နာ အာကာသလူသယ်ယာဉ်သည် အာကာသယာဉ်မှူးနှစ်ဦးပြန်လည်လိုက်ပါတော့ခြင်းမရှိဘဲ ကမ္ဘာမြေအပြန်ခရီးစတင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည်ခွာထွက်ချိန်တွင် စတားလိုင်နာ၏ ဒုံးကန်အားစနစ်များမှ ကောင်းစွာလည်ပတ်နိုင်သည့် အသွင်မျိုးတွေ့ရကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## နာဆာက ESCAPDE အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်များ လွှတ်တင်မည့်အစီအစဉ်ကို ၂၀၂၅ ခုနှစ်ထိ ဆိုင်းငံ့ထားမည်

**ဝါရှင်တန် စက်တင်ဘာ ၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ESCAPDE အမည်ရှိ အင်္ဂါဂြိုဟ် လေ့လာရေး အာကာသယာဉ်များ လွှတ်တင်မည့်အစီအစဉ်ကို ၂၀၂၅ ခုနှစ်ထိ ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း စက်တင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

မူလက နာဆာအဖွဲ့သည် ESCAPDE မစ်ရှင်ကို ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ New Glenn ဒုံးပျံဖြင့် အောက်တိုဘာ ၁၃ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

ESCAPDE မစ်ရှင်သည် New Glenn ဒုံးပျံအတွက် ပထမဆုံးပွဲဦးထွက် အာကာသမစ်ရှင်လည်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ရေးကုန်ကျစရိတ်ပို၍မြင့်မားလာနိုင်မှုပြဿနာနှင့် နည်းပညာပိုင်းဆိုင်ရာ ပြဿနာများကိုရှောင်ရှားရေးအတွက် ES-CAPDE မစ်ရှင်ကို ၂၀၂၅ ခုနှစ်မှ လွှတ်တင်ရန် ဆုံးဖြတ်ခဲ့သည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

နာဆာတာဝန်ရှိသူများသည် ESCAPDE မစ်ရှင်ကို မပစ်လွှတ်မီ ဆန်းစစ်မှုများပြုလုပ်၍ ဘလူးအော်ရီဂျင်ကုမ္ပဏီနှင့်ဆွေးနွေးပြီးနောက် ၎င်းမစ်ရှင်ကို ၂၀၂၅ ခုနှစ်ထိ နောက်ဆုတ်ထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## Dandruff မှိုတစ်မျိုးကြောင့် အမျိုးသမီးများ၌ ရင်သားကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ဖွယ်ရှိ

**ပေကျင်း စက်တင်ဘာ ၇**

ဦးရေပြား၌ ဖောက်ထမှု ပြဿနာ(Dandruff) ဖြစ်ပွားစေတတ်သည့် အရေပြားမှိုတစ်မျိုးကြောင့် အမျိုးသမီးများ၌ ရင်သားကင်ဆာရောဂါ ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

တရုတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Malassezia Globosa အမည်ရှိ အထက်ပါအရေပြားမှိုသည် အဆီဓာတ်ကြွယ်ဝသည့် ရင်သားတစ်ရှူးများအတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်စွမ်း ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ Malassezia Globosa မှိုများထိုးဖောက်ဝင်ရောက်မှုကြောင့် ရင်သားကင်ဆာဆဲလ်များ ပေါ်ထွက်လာနိုင်ခြေလည်း မြင့်မားလာနိုင်ကြောင်း တရုတ်သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

တရုတ် သုတေသနပညာရှင်များသည် ဓာတ်ခွဲခန်းအတွင်း လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် Malassezia Globosa မှိုများ၏ ဆိုးကျိုးကိုတင်ပြခဲ့ကြခြင်းဖြစ်သည်။

သို့ရာတွင် Malassezia Globosa မှိုနှင့်ရင်သားကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာမှုတို့ကြောင့် ကြောင်းကျိုးဆက်နွှယ်မှုကို အပြည့်အဝ နားလည်ရေးအတွက် သုတေသနလုပ်ငန်းများ ဆက်လက်ပြုလုပ်ရန် လိုသည်ဟု တရုတ် သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## လေထုညစ်ညမ်းမှုက အမျိုးသားများ၏မျိုးဆက်ပွားစွမ်းဆောင်ရည်ကျဆင်းလာမှုနှင့် ဆက်စပ်နေ

**ကိုပင်ဟေဂင် စက်တင်ဘာ ၇**

မြို့ကြီးပြကြီးများ၌ လေထုညစ်ညမ်းမှုပြဿနာသည် အမျိုးသားများ၏ မျိုးဆက်ပွားစွမ်းရည်ကျဆင်းလာမှု ပြဿနာနှင့်ဆက်စပ်နေနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ စက်တင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

ထို့ပြင် ယာဉ်သွားယာဉ်လာဆူညံသံများကြောင့်လည်း အမျိုးသမီးများ၏ မျိုးဆက်ပွားစွမ်းဆောင်ရည် ထိခိုက်ပျက်စီးသွားနိုင်ကြောင်း ဒိန်းမတ် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဒိန်းမတ် သုတေသနပညာရှင်များသည် အမျိုးသား၊ အမျိုးသမီးများ၏ မျိုးဆက်ပွားစွမ်းဆောင်ရည်အပေါ် မြို့ပြပတ်ဝန်းကျင်၏ အကျိုးသက်ရောက်မှုကို ဖော်ထုတ်ရေးအတွက် အသက် ၃၀ နှင့် ၄၅ နှစ်ကြား လူပေါင်း ၉၀၀၀၀၀ တို့၏ အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ PM 2.5 ရုပ်မှုန်များပါဝင်မှု ပုံမှန်ထက်လွန်ကဲနေသောလေထုနှင့် ငါးနှစ်ကြာထိတွေ့ခဲ့ရသည့် အမျိုးသားများတွင် မျိုးဆက်ပွားစွမ်းဆောင်ရည်ပြဿနာများပေါ်လာနိုင်ခြေပုံမှန်ထက်၂၄ ရာခိုင်နှုန်း မြင့်မားနေသည်ကိုတွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

PM2.5ရုပ်မှုန်လေထုညစ်ညမ်းမှုပြဿနာမှာ အမျိုးသမီးများ၏ မျိုးဆက်ပွား စွမ်းဆောင်ရည်အပေါ် ဆိုးကျိုးမရှိကြောင်းသုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Russia Today
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ကွင်းလယ်ကစားသမား ကိုဗာဆစ် မန်စီးတီးအသင်းမှ ထွက်ခွာရန် ကြိုးပမ်း

**မန်ချက်စတာ စက်တင်ဘာ ၇**

မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ကိုဗာဆစ်သည် အသင်းသို့ ဘာစီလိုနာအသင်းမှ ဂန်ဒိုဂမ် ပြန်လည်ပြောင်းရွှေ့လာပြီးနောက် အသင်းမှ ထွက်ခွာရန် ကြိုးပမ်းနေကြောင်း သိရသည်။

ကိုဗာဆစ်ကို ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့သွားသည့် ဂန်ဒိုဂမ်နေရာတွင် အစားထိုးရန်အတွက် မန်စီးတီးအသင်းက ခေါ်ယူ၍ ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ပြီး ၎င်းအနေဖြင့် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၆ ပွဲ ပါဝင်ခွင့်ရခဲ့ကာ သွင်းဂိုး သုံးဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး အသင်းနှင့်အတူ အမှတ်ပေးဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

သို့သော် မန်စီးတီးအသင်းသည် နွေရာသီအပြောင်းအရွှေ့ မပိတ်သိမ်းမီ ကွင်းလယ်ကစားသမား ဂန်ဒိုဂမ်ကို ပြန်လည်ခေါ်ယူခဲ့သောကြောင့် ကိုဗာဆစ်အနေဖြင့် ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်ရမည့် အခြေအနေဖြစ်လာပြီး ဂန်ဒိုဂမ်သည် နည်းပြဂွါဒီယိုလာနှစ်သက်သည့် ကစားသမားတစ်ဦးဖြစ်၍ ဂန်ဒိုဂမ်နှင့် ပွဲကစားခွင့် ယှဉ်ပြိုင်ရန် မဖြစ်နိုင်သောကြောင့် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မန်စီးတီးအသင်းသည် ကွင်းလယ်ခံစစ်ပိုင်းတွင် ကိုဗာဆစ်နှင့် ရီကိုလူးဝစ်တို့ကို တွဲဖက်အသုံးပြုနေပြီး ကိုဗာဆစ်အနေဖြင့် ပြိုင်ပွဲစုံ လေးပွဲစလုံး ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့် ရခဲ့ကာ သွင်းဂိုး တစ်ဂိုးသွင်းယူခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းကို အမှတ်ပေးဇယားထိပ်သို့ ပို့ဆောင်နိုင်ခဲ့သောကြောင့် လာမည့်ပွဲစဉ်တွင် နည်းပြဂွါဒီယိုလာက ကိုဗာဆစ်ကို ဂန်ဒိုဂမ်နှင့် တွဲဖက်အသုံးပြုဖွယ်ရှိသော်လည်း ကစားသမားကိုယ်တိုင်က အသင်းမှထွက်ခွာရန် ဆန္ဒရှိနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : 90Min

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ❑ လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံး ကစားသမားစာရင်းတွင် မန်စီးတီးအသင်းက ရိုဒရီ၊ ဟာလန်း၊ ဒီဘရိုင်း၊ ဆာဗီအိုတို့က ထိပ်ဆုံးတွင်ရပ်တည်နေကြောင်း သိရသည်။
- ❑ ချဲလ်ဆီးအသင်း၏ အဓိကရှယ်ယာရှင် Clear Lake Capital ကုမ္ပဏီပိုင်ဆိုင်သည့် ရှယ်ယာ ၆၁ ဒသမ ၅၄ ရာခိုင်နှုန်းကို ရောင်းချသွားမည်မဟုတ်ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ကြေညာခဲ့သည်။
- ❑ ကွင်းလယ်ကစားသမား မက်အယ်လစ်စတာ အာဂျင်တီးနားအသင်းနှင့် ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ကြွက်သားဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။
- ❑ လာမည့် ၂၀၂၅ နွေရာသီအပြောင်းအရွှေ့တွင် ဘိုင်ယန်မြူးနစ်မှ ကီမစ်ချ်နှင့် လေဗာကူဆင်မှ တာ့ဟ်တို့ကို ခေါ်ယူမည်ဟု ဘာစီလိုနာအသင်းက ထုတ်ပြန်ခဲ့သည်။ ML

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)တွင် ရန်ကုန်ယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲရရှိ



**ရန်ကုန် စက်တင်ဘာ ၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၅) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းက အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ကာ နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အတွက် သွင်းဂိုးများကို ပွဲချိန် သုံးမိနစ်တွင် ယွန်းဝတီလှိုင်နှင့် ပွဲချိန် ငါးမိနစ်တွင် ဇင်မိုးပြည့်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းအတွက် အကောင်းဆုံးခြေစွမ်းပြသပြီး သွင်းဂိုး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ယွန်းဝတီလှိုင်က ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ စလင်းအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် YREO အသင်းတို့ ကစားခဲ့ရာ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး သစ္စာအားမာန်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကာ သစ္စာအားမာန်အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၂၇ မိနစ်တွင် ဝင်းဝင်းက သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# ယူရိုပါကွန်ဖရင့်လိဂ်ယှဉ်ပြိုင်မည့် မှတ်ပုံတင်ကစားသမားစာရင်းမှ ပယ်မာချန်လှပ်ခံရ

**လန်ဒန် စက်တင်ဘာ ၇**

ချဲလ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ကစားရမည့် ယူရိုပါကွန်ဖရင့်လိဂ် ပြိုင်ပွဲအတွက် ကစားသမားစာရင်း ထုတ်ပြန်ခဲ့ရာ အဓိကကစားသမား ပယ်မာကို ချန်လှပ်ခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်း အနေဖြင့် ယခုရာသီတွင် ကွာရာဘောင်းဖလား၊ အက်ဖ်အေဖလား၊ အမှတ်ပေးပြိုင်ပွဲအပါအဝင် ယူရိုပါကွန်ဖရင့်ပြိုင်ပွဲနှင့် ဗီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတို့ကို ကစားရမည်ဖြစ်သောကြောင့် အဓိကကစားသမားဖြစ်သည့် ပယ်မာကို ဒဏ်ရာပြဿနာ ကြုံတွေ့မည်ကို စိုးရိမ်သဖြင့် ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲမှ ချန်လှပ်ခဲ့သည်ဟု နည်းပြမာရက်စ်ကာက ပြောကြားခဲ့သည်။

လက်ရှိတွင်လည်း ကစားသမားအနေဖြင့် အသေးစားဒဏ်ရာကြောင့် အင်္ဂလန်အသင်းနှင့်ကစားမည့် နေးရှင်းလိဂ်ပြိုင်ပွဲ လူစာရင်းတွင် ပါဝင်နိုင်ခြင်းမရှိဘဲ ကြံ့ခိုင်မှုပြည့်ဝရန် လိုအပ်နေကြောင်း နည်းပြမာရက်စ်ကာက ဆက်လက်ပြောကြားခဲ့သည်။

ချဲလ်ဆီးအသင်းက တရားဝင် မှတ်ပုံတင်ခဲ့သည့် ယူရိုပါကွန်ဖရင့်လိဂ် ပြိုင်ပွဲဝင်မည့် ကစားသမားစာရင်းတွင် ဂိုးသမားအဖြစ် ဆန်းချက်ဇ်၊ ဂျော်ဂျန်ဆန်၊ ဘာ့စတောင်း၊ ခံစစ်ပိုင်းတွင် ဒီဆာစီ၊ ကူကူရယ်လာ၊ အဒါရာဘီအိုယို၊ ဘာဒီယာရှီး၊ ရီစီဂျိမ်း၊ ဂတ်စတို၊ ဗီအီဂါ၊ ကွင်းလယ်တွင် အန်ဖိုဖာနန်ဒက်စ်၊ မက်ဒူခီ၊ ချူကွယ်မီကာ၊ ဒူဘာရီဟော၊ ကာစီဒို၊ ကာဆာဒီ၊ တိုက်စစ်တွင် နက်တို၊ မူဒရိခ်၊ ဖီးလစ်၊ ဂျက်ဆန်၊ အန်ကူကူ၊ ဆန်ချို၊ ဂူယူတို့ပါဝင်ပြီး အရန်ကစားသမားများအဖြစ် ကိုဝဲလ်၊ အာချီအမ်ပွန်၊ ဒိုင်ယာ၊ ဂျော်ဂျီ၊ မက်မာဟွန်း၊ မားရစ်ခ်တို့ဖြစ်ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် ပယ်မာနှင့်အတူ ခံစစ်ကစားသမား လာဗီယာ၊ ဖိုဖန်နာနှင့် ဘန်ချီဝဲလ်တို့ကိုလည်း မှတ်ပုံတင်စာရင်းမှ ချန်လှပ်ခဲ့ကြောင်း သိရသည်။

Ref : Independent

Trs : ML

# ပြင်သစ်အသင်းနှင့်ပွဲစဉ်တွင် ခံစစ်ကစားသမား ကာလာဖီအိုရိ ဒဏ်ရာရရှိခဲ့ကြောင်း အီတလီအသင်းထုတ်ပြန်

**ရောမ စက်တင်ဘာ ၇**

ယူအီးအက်ဖ်အေ နေးရှင်းလိဂ် ပွဲစဉ်အဖြစ် အီတလီအသင်းက ပြင်သစ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ခံစစ်ကစားသမား ကာလာဖီအိုရိ ခြေဖနောင့်ကြွက်သားဒဏ်ရာ ရရှိခဲ့ ကြောင်း အီတလီအသင်းက ထုတ်ပြန်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပြင်သစ်အသင်းက အမ်ဘက်ပီ၊ ဂရစ်ဇ်မန်းစသည့် အဓိကကစားသမားများဖြင့် ပွဲထွက်လာခဲ့ရာ ပွဲကစားချိန် တစ်မိနစ်တွင် တိုက်စစ်မှူး ဘာကိုလာက အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် အီတလီအသင်း အခက်တွေ့ခဲ့သော်လည်း တန်ပြန်တိုက်စစ်ဖြင့် ပြန်လည်တုံ့ပြန်နိုင်ခဲ့ရာ ပွဲကစားချိန် မိနစ် ၃၀ တွင် ဒီမာကို၊ ပွဲကစားချိန် ၅၁ မိနစ်တွင် ဖရာတက်စီ၊ ပွဲကစားချိန် ၇၄ မိနစ်တွင် ရက်ပါဒိုရီတို့၏ သွင်းဂိုးများဖြင့် ပြန်လည် ဦးဆောင်နိုင်ခဲ့ပြီး သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ပွဲချိန် ၇၁ မိနစ်တွင် ခံစစ်ကစားသမား ကာလာဖီအိုရီကို ဒဏ်ရာကြောင့် ဘူအွန်ဂျီအော်နိုနှင့် လူစားလဲခဲ့ရသည်။

ယင်းပွဲစဉ်၌ ပြင်သစ်တောင်ပံကစားသမား ဒမ်ဘီလီကို တားဆီးရန်ကြိုးပမ်းနေသည့် ခံစစ်ကစားသမား ဘာစတိုနီကြောင့် ဘောလုံးယှဉ်လုရာတွင် ဒမ်ဘီလီ ဟန်ချက်ပျက်ခဲ့ပြီး ကာလာဖီအိုရီ၏ ခြေဖနောင့်ကို ဖြတ်ကန်မိခဲ့သဖြင့် ဒဏ်ရာရရှိခဲ့သောကြောင့် ဆေးအဖွဲ့၏အကူအညီဖြင့် ကွင်းအတွင်းထွက်ခွာ၍ လူစားလဲခဲ့ရကြောင်း သိရသည်။



အီတလီအသင်း နည်းပြ စပယ်လက်တီက ကာလာဖီအိုရီ၏ ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်နေကြောင်း ပြောကြားခဲ့ပြီး ကစားသမားအနေဖြင့် ဒဏ်ရာပြင်းထန်မှု မရှိသဖြင့် လာမည့် အစ္စရေးနှင့်ပွဲစဉ်တွင် ပါဝင်ကစားနိုင်မည်ဟု ခန့်မှန်းပြောကြားခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# AYA Pay Futsal Championship 2024 ပြိုင်ပွဲတွင် MIU FC အသင်းနှင့် Winner Soccer အသင်းတို့ ဗိုလ်လုပွဲသို့တက်ရောက်



**ရန်ကုန် စက်တင်ဘာ ၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Pay Futsal Championship 2024ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ကျင်းပခဲ့ရာ MIU FC အသင်းနှင့် Winner Soccer အသင်းတို့က ပြိုင်ဘက်များကို အသီးသီး အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲကို လိဂ်(၁) ကလပ်အသင်း ကိုးသင်း၊ လိဂ်(၂) ကလပ်အသင်း ကိုးသင်း၊ မန္တလာလိဂ်မှ ကလပ်အသင်း နှစ်သင်း၊ ၂၀၂၄ အပျော်တမ်းပြိုင်ပွဲမှ ကလပ်အသင်း ၁၂ သင်းဖြင့် ကျင်းပနေခြင်းဖြစ်သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ယနေ့မွန်းလွဲ ၁ နာရီတွင် Pyae Sone FC အသင်းနှင့် Winner Soccer အသင်းတို့ကစားခဲ့ရာ ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ Winner Soccer အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် VUC FC အသင်းနှင့်MIU FC အသင်းတို့ ကစားခဲ့ရာ ထိပ်တန်းကလပ်အသင်း နှစ်သင်း ထိပ်တိုက်တွေ့ဆုံသည် နှင့်အညီ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ MIU FC အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

STA

# US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ အီတလီကစားသမား ဂျန်နစ်ခ်ဆင်နာ တက်ရောက်

**နယူးယောက် စက်တင်ဘာ ၇**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပနေသည့် US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ဗြိတိန်တင်းနစ်ကစားသမား ဂျက်ဒရပ်ပါတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၇-၅၊ ၇-၆၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ကွာတားအဆင့်တွင် အဓိကပြိုင်ဘက်ဖြစ်သူ မျက်ဒဗျက်ကို အကောင်းဆုံးပုံစံမရသော်လည်း အနိုင်ရလဒ်ရရှိအောင် ကစားနိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် ချန်ပီယံလက်စွမ်းမျိုး ပြသနိုင်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ဗိုလ်လုပွဲတွင် အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်ဇ်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာက ဆီမီးဖိုင်နယ်အဆင့်တွင် ယှဉ်ပြိုင်ကစားခဲ့ရသော ဂျက်ဒရပ်ပါသည် ၎င်းနှင့်တစ်ယောက်အကြောင်း တစ်ယောက် ကောင်းစွာသိရှိထားသည့် ကစားသမားဖြစ်ပြီး ပုဂ္ဂိုလ်ရေးအရ ရင်းနှီးကြသော မိတ်ဆွေများဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL



# ONE 168 အမည်ရှိ MMA ပြိုင်ပွဲတွင် ရုရှားဖိုက်တာ အာဒိုဂန်ကို အောင်လအန်ဆန် ဒုတိယအချီ၌ အလဲထိုးဖြင့်ရှုံးနိမ့်

**ဒန်ဗာ စက်တင်ဘာ ၇**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဒန်ဗာမြို့တွင် ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည့် ONE 168 အမည်ရှိ MMA ပြိုင်ပွဲတွင် မစ်ဒယ်ဝိတ်တန်း ပွဲစဉ်အဖြစ် မြန်မာဖိုက်တာ အောင်လအန်ဆန်နှင့် ရုရှားဖိုက်တာ အာဒိုဂန်တို့ ထိုးသတ်ခဲ့ရာ အောင်လအန်ဆန် အနေဖြင့် ဒုတိယအချီတွင်ပင် အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အာဒိုဂန်သည် အောင်လအန်ဆန်ကို ဖိအားပေးထိုးသတ်နိုင်ခဲ့ပြီး အာဒိုဂန်က အနီးကပ်ချုပ်ကွက်ဖြင့် အောင်လအန်ဆန်ကို ဖိအားပေး ထိုးသတ်နိုင်ခဲ့ကာ အောင်လအန်ဆန် အနေဖြင့် ခက်ခက်ခဲခဲ ကာကွယ်ခဲ့သော်လည်း ဒုတိယအချီ ပွဲချိန် နှစ်မိနစ်နှင့် ၄၈ စက္ကန့်တွင် အာဒိုဂန်က အလဲထိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ONE Championship နှင့် ဆယ်စုနှစ်တစ်ခုကြာ လက်တွဲကာ MMA ပွဲစဉ်များတွင် ထိုးသတ်ခဲ့ပြီး MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံနှင့် MMA ကမ္ဘာ့လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်များ ရယူနိုင်သည်ထိ အောင်မြင်မှုများရယူနိုင်ခဲ့ကာ ONE Championship တွင် မတူညီသည့် ဝိတ်တန်းနှစ်ခုတွင် ချန်ပီယံရရှိသည့် ကစားသမားများမှ တစ်ဦးအပါအဝင် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

အောင်လအန်ဆန်နှင့် ထိုးသတ်ခဲ့သည့် အာဒိုဂန်သည် MMA ပြိုင်ပွဲများတွင် ရလဒ်ကောင်းများ ရယူနိုင်ခဲ့ပြီး တစ်ပွဲမျှ ရှုံးနိမ့်ခဲ့ခြင်းမရှိခဲ့ဘဲ အောင်လအန်ဆန်ကို အနိုင်ရရှိခဲ့ပြီးနောက် ၁၀ ပွဲလုံး အနိုင်ရရှိခဲ့ပြီး အဆိုပါ ၁၀ ပွဲ တွင် အလဲထိုးဖြင့် ငါးပွဲ၊ ချုပ်ကွက် ဖြင့် တစ်ပွဲနှင့် ဒိုင်အမှတ်ဖြင့် လေးပွဲ အနိုင်ရရှိခဲ့သည်။

အောင်လအန်ဆန်က “ကျွန်တော်အနေနဲ့ အားလုံးကို နာကျင်စေပြီး အရှုံးပေးလိုက်ရတာ စိတ်မကောင်းပါဘူး။ ကျွန်တော့်အတွက် ရပ်ပိုင်းဆိုင်ရာကတော့ အဆင်ပြေပါတယ်။ အားပေးတဲ့သူအားလုံးကို ကျေးဇူးတင်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA

# European Masters ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို မက်ဝေါလေ့ဦးဆောင်

**ဂျီနီဗာ စက်တင်ဘာ ၇**

ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပနေသည့် European Masters ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား မက်ဝေါလေ့က သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား တစ်ဦးပင်ဖြစ်သည့် ဖစ်ဇ်ပက်ထရစ်က သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား ဂျော်ဒန်စမစ်၊ ဆွီဒင်ဂေါက်သီးရိုက် ကစားသမား နော်လန်ဒါတို့က သတ်မှတ်ရိုက်ထက်ချက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

လက်ရှိတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား သုံးဦးအကြား ပြိုင်ဆိုင်မှုပြင်းထန်နေပြီး မက်ဝေါလေ့က အကောင်းဆုံး လက်စွမ်းပြထားနိုင်ခဲ့ပြီး အမှတ်ပေးဇယားအား ဦးဆောင်ထားနိုင်ခဲ့သည်။

မက်ဝေါလေ့က “ကျွန်တော်အနေနဲ့ တစ်ရက်ချင်းစီမှာ အကောင်းဆုံး ကစားနိုင်ဖို့ပဲ မျှော်လင့်တယ်။ ပထမနေ့မှာ ကစားထားနိုင်တဲ့ စွမ်းဆောင်ရည်အပေါ်မှာ အားရကျေနပ်မှုအပြည့်အဝရှိပါတယ်။ တစ်ရက်ချင်းစီမှာ အကောင်းဆုံး ကစားနိုင်အောင် ကြိုးစားမယ်ဆိုတဲ့ စိတ်နဲ့ပဲ ပြိုင်ပွဲဝင်နေပါတယ်။ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီးတော့ ကျွန်တော်လိုချင်တဲ့ ပြိုင်ပွဲအဆင့်အတန်းမျိုး ဖြစ်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# နေရှင်နယ်လိဂ်ဒုတိယအကျော့ပြင်ဆင်မှုအဖြစ် တိုက်စစ်မှူး အီစိုးကို ရန်ကုန်ယူနိုက်တက်အသင်းခေါ်ယူ




**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်ယူနိုက်တက် အသင်းက ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့ပွဲစဉ်များအတွက် ကစားသမား အင်အားဖြည့်ပြင်ဆင်မှုအဖြစ် တိုက်စစ်မှူးဟောင်း အီစိုးကို ပြန်လည်ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အီစိုးသည်ရန်ကုန်ယူနိုက်တက် လူငယ်အသင်းမှ လူငယ်ကစားသမားတစ်ဦးဖြစ်ပြီး ရန်ကုန်ယူနိုက်တက် အသင်းနှင့်အတူ ၂၀၁၈ ခုနှစ် ကွင်းဖွင့်ဖလား၊ ၂၀၁၈ ခုနှစ် မြန်မာနေရှင်နယ်လိဂ် ချန်ပီယံနှင့် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းချန်ပီယံဆုဖလား၊ စုစုပေါင်း ချန်ပီယံဆုဖလား လေးလုံးရယူပေးခဲ့သည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။

ထို့ပြင် အီစိုးသည် သက်တမ်းအလိုက် လက်ရွေးစင်နှင့် လက်ရွေးစင် အသင်းကြီးများတွင် ရွေးချယ်ခံခဲ့ရသူဖြစ်ပြီး ၂၀၂၂ ခုနှစ်မှစတင်ကာ နိုင်ငံတကာကလပ်အသင်းအတွေ့အကြုံများ ရရှိစေရန်အတွက် လာအိုကလပ် Young Elephants အသင်းနှင့် ထိုင်းလိဂ်-၂ ကလပ် Kasetsart တို့တွင် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ကြောင်း သိရသည်။

အီစိုးက “ကျွန်တော်ရဲ့မွေးရပ်မြေကို ပြန်လည်ရောက်ရှိလာသလိုပါပဲ။ ကျွန်တော့်ကို အသင်းက ပြန်လည်ကြိုဆိုတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ အသင်းက ညီအစ်ကိုတွေနဲ့ ရန်ကုန်ယူနိုက်တက် အသင်းလိုဂိုအောက်မှာ အလုပ်အတူတူပြန်လုပ်ခွင့်ရတော့မှာမလို့ ကျွန်တော့်အနေနဲ့ ပီတိဖြစ်တဲ့အပြင် အသင်းအတွက်ကစားပေးဖို့ အဆင်သင့်ဖြစ်နေပါပြီ” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA

# စာမတတ်သူ လုံးဝပပျောက်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

ဘုန်းမောင်ဝင်း(ဖျာပုံ)

နိုင်ငံတကာစာတတ်မြောက်ရေးအထိမ်းအမှတ်နေ့အဖြစ် နှစ်စဉ် စက်တင်ဘာ ၈ ရက်ကို သတ်မှတ်ထားရှိရာ ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆောင်ပုဒ်မှာ ''အပြန်အလှန်နားလည်မှုနှင့်ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံပညာရေးကိုမြှင့်တင်ကြပါစို့'' ဖြစ်သည်။ စာတတ်မြောက်ရေးသည် လူသားတစ်ဦးချင်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါသည့်ကိစ္စရပ်ဖြစ်သည်။ စာပေသည် အမှောင်ကိုခွင်း၍အလင်းကိုဆောင်နိုင်သည်ဟု ဆိုထားပေရာ စာမတတ်သူမှာ အမှောင်တွင်းရောက်နေသူနှင့်ပမာတူလှသည်။ မျက်စိနှစ်ကွင်း အလင်းမရသူသည် မိမိတစ်ဦးတည်းရပ်တည်၍ မဖြစ်နိုင်သကဲ့သို့ စာမတတ်သူမှာလည်း မိမိသိချင်သည့်အကြောင်းအရာ အချက်အလက်များ သိရှိရေးအတွက် အခြားသူတစ်ဦးကို အားကိုးရသည်။ ကိုယ့်အားကိုယ်ကိုးနိုင်ရန်မှာ မိမိတို့တစ်ဦးချင်းက စာတတ်မြောက်နေအောင် ကြိုးစားကြရန်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတတ်မြောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လုပ်ရှားဆောင်ရွက်နေကြသည်။ ကမ္ဘာပေါ်ရှိ လူသားတိုင်း မိမိတို့နှင့်သက်ဆိုင်သည့် ဘာသာစကား၊ စာပေများကို တတ်မြောက်နေကြရမည်ဖြစ်သည်။ ထိုသို့ တတ်မြောက်ရေးအတွက်လည်း နှစ်စဉ် စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ပေးထားခြင်းဖြစ်သည်။ စာတတ်မြောက်ရေးကို ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုအဖြစ် ဆောင်ရွက်နေသော်လည်း အချို့သောဒေသများ၊ နိုင်ငံများမှာ တည်ငြိမ်မှုကင်းမဲ့နေသဖြင့် စာတတ်မြောက်ရေးထက် အသက်ရှင်သန်နေထိုင်ရေးကို ဦးစားပေးနေရခြင်းမျိုးရှိနေသည်။ သိသာထင်ရှားသော စိန်ခေါ်မှုများကြောင့် ကမ္ဘာတစ်ဝန်းရှိ အရွယ်ရောက်ပြီးသူဦးရေ ၇၇၃ သန်းခန့် အခြေခံစာတတ်မြောက်မှု မရှိကြကြောင်းနှင့် ကလေးဦးရေ သန်း ၂၅၀ ကျော်မှာ အနိမ့်ဆုံးစာတတ်မြောက်မှုအဆင့်ကိုပင် မရရှိကြကြောင်း သိရှိရသည်။ လူသားတစ်ဦးအဖြစ် မွေးဖွားကြီးပြင်းလာပြီး စာတတ်မြောက်ခြင်းမရှိသည်မှာ လူ့အခွင့်အရေးဆုံးရှုံးမှုတစ်ရပ်ပင်ဖြစ်သည်။

လူသားတိုင်း စာတတ်မြောက်စေချင်သော်လည်း ပထဝီဝင်အနေအထား၊ အမျိုးသား၊ အမျိုးသမီးနှင့် လူမှုစီးပွားအခြေအနေများပေါ်အခြေခံ၍ စာတတ်မြောက်မှုကွာခြားလျက်ရှိသည်။ အထူးသဖြင့် အချို့သောနိုင်ငံများတွင် ကျား၊ မ (လိင်) ခွဲခြားထားမှုကြောင့် စာတတ်မြောက်သင့်ပါလျက် တတ်မြောက်မှုနှင့် ကင်းဝေးလျက်ရှိသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်(၁၇) ချက်တွင် "လူတိုင်းတက်ရောက်သင်ကြားနိုင်ပြီး အရည်အသွေးတူညီမျှတမှုရှိသည့် ပညာရေးကိုရရှိရန်နှင့် လူတိုင်းအတွက်တစ်သက်တာ ပညာသင်ကြားနိုင်သည့်အခွင့်အလမ်းများတိုးမြှင့်ရန်"ဟူ၍ ဖော်ပြထားသည်။ ထို့ပြင် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်ရည်မှန်းချက်(၇)ရပ်တွင် "စာမတတ်သူ ပြည်သူတစ်ရပ်လုံး စာတတ်မြောက်လာစေရန်" ဟူ၍လည်း ဖော်ညွှန်းထားပါသည်။

မြန်မာနိုင်ငံ၏သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာလျှင် မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှု ထွန်းကားခြင်းနှင့်အတူ စာတတ်မြောက်မှုနှုန်း အလွန်မြင့်မားခဲ့ကြောင်းသိရှိနိုင်သည်။ အထူးသဖြင့် ကျောင်းနေရွယ်ကလေးတိုင်း ဘုန်းတော်ကြီးကျောင်းများတွင် စာပေသင်ကြားခြင်း၊ ရှင်ပြုခြင်းများမှာလည်း ဓလေ့ထုံးစံတစ်ခုပင်ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်ထိ အီရန်နိုင်ငံ တီဟီရန်မြို့တွင် ကမ္ဘာ့စာတတ်မြောက်ရေးညီလာခံ ကျင်းပခဲ့သည်။ စတင်ကျင်းပခဲ့သည့် စက်တင်ဘာ ၈ ရက်ကို ယူနက်စကိုအဖွဲ့ကြီးက နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။ ကမ္ဘာ့နိုင်ငံအများစုက နှစ်စဉ်နှစ်တိုင်း စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် ကျင်းပလာခဲ့သည်မှာ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် သက်တမ်း ၅၈ နှစ်တိုင်တိုင်ရှိလာပြီဖြစ်ပေသည်။

**❖နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပညာရေးကဏ္ဍမြှင့်မားရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။ "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု၊ အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး" ကို ဦးတည်ချက် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူများ အလယ်တန်းပညာများ ပြီးမြောက်သူများကို အထက်တန်းတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့်ပတ်သက်သည့် ကျွမ်းကျင်သူများဖြစ်အောင် သင်ကြားပေးလျက်ရှိသည်။ ❖**

မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုသည် ရှေးဘုရင်များလက်ထက်တွင် ဘုန်းတော်ကြီးသင်စာပေသင်ကြားမှုကျေးဇူးကြောင့် ကျေးလက်နေပြည်သူများပါမကျန် စာတတ်မြောက်ကြသည်။ စာတတ်မြောက်နှုန်း ၈၅ ရာခိုင်နှုန်းထိ မြင့်မားခဲ့သည်။ မြန်မာနိုင်ငံကိုလိုနီလက်အောက်ရောက်သွားသည့်အခါ မြန်မာတို့၏ စာပေတတ်မြောက်မှုမှာလွန်စွာနိမ့်ကျသွားခဲ့သည်။ စာတတ်မြောက်မှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းအဆင့်သာရှိတော့သည်။ စာတတ်မြောက်နှုန်းလျော့နည်းခြင်းနှင့်အတူ မြန်မာတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ အဘက်ဘက်တွင် နိမ့်ကျသွားခဲ့သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေး ပြန်လည်ရရှိချိန်မှစ၍ စာမတတ်သူပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။

၁၉၄၈ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ပြည်သူလူထုပညာရေးအတွက် လူထုပညာရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၄၉ ခုနှစ် မတ်လမှစ၍ လူထုပညာရေးကောင်စီက လူထုပညာရေးသင်တန်းနှင့် "အ" သုံးလုံးကျောသင်တန်းများကို ပထမလေးနှစ်စီမံကိန်း (၁၉၅၂–၁၉၅၆)နှင့် ဒုတိယလေးနှစ်စီမံကိန်း (၁၉၅၆–၁၉၆၀)တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ စာတတ်မြောက်ရေး ကြိုးပမ်းအားထုတ်မှုအနေဖြင့် ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း အခြေခံပညာကို လူတိုင်းသင်ယူရရှိရန်နှင့် စာတတ်မြောက်ရေး လှုပ်ရှားမှုများကို အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် မိတ္ထီလာခရိုင်ကို ခရိုင်လုံးကျွတ် စာတတ်မြောက်လာသည်ထိ ကြိုးပမ်းခဲ့ရာ ၁၉၇၁ ခုနှစ်တွင် မိတ္ထီလာသည် မြန်မာနိုင်ငံ၌ ပထမဆုံး ခရိုင်လုံးကျွတ် စာတတ်မြောက်သည့် ဒေသဖြစ်ခဲ့သည်။

ထို့နောက် ၁၉၆၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အတွင်း ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့တွင် တိုင်းလုံးကျွတ်စာတတ်မြောက်ရေးအောင်ပွဲများ ကျင်းပနိုင်ခဲ့သည်ထိ စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုများ အောင်မြင်ခဲ့သည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုများမှာ လွန်စွာအောင်မြင်ထင်ရှားသည့်အတွက် ယူနက်စကိုအဖွဲ့က စာတတ်မြောက်ရေးအထိမ်းအမှတ်ဆုများအဖြစ် ၁၉၇၁ ခုနှစ်တွင် မိုဟာမက်ရီဇာပလာဗီဆုနှင့် ၁၉၈၃ ခုနှစ် နိုမာဆုကို ချီးမြှင့်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ်တွင် တစ်ယောက်မကျန် စာတတ်ရန်ဟု ကြွေးကြော်လျက် သက်ကြီးစာမတတ်သူများကို ဝိုင်းဝန်းကူညီသင်ကြားခဲ့ရာ စာတတ်မြောက်မှုနှုန်းမှာ ၁၉၈၈ ခုနှစ်တွင် ၈၀ ဒသမ ၀၄ ရာခိုင်နှုန်းထိရှိခဲ့သည်။ စာပေတတ်မှ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်တို့ကို ခွဲခြားသိမြင်နိုင်ပေမည်။

မြန်မာနိုင်ငံ၏စာတတ်မြောက်ရေးလှုပ်ရှားမှုများကို မှတ်တမ်းတင်ထားသည်ဟု ဆိုနိုင်သော "ဘယ်သူပြိုင်လို့လုပါတော့နိုင်'' ရုပ်ရှင်ဇာတ်ကားကြီးတွင် "အ"သုံးလုံးလှုပ်ရှားမှုကို ထင်ရှားစွာမြင်တွေ့နိုင်ပါသည်။ ဝ၊ ထ၊ က၊ လ၊ သ ဟူသော စာလုံးများနှင့်အတူ အရေးအဖတ်အတွက် ပညာအားလုံး တတ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ကိုလိုနီခေတ်တစ်ခေတ်အတွင်း မြန်မာတို့စာတတ်မြောက်မှုနှုန်း လျော့နည်းနေခြင်းကို တစ်နိုင်ငံလုံး စာတတ်မြောက်ရေးလှုပ်ရှားမှုဖြင့် အနိုင်ယူနိုင်ခဲ့သည်။ စာတတ်မြောက်မှုနှုန်း မြင့်မားအောင် ဆောင်ရွက်နိုင်ခြင်းကို ကမ္ဘာကပင် အသိအမှတ်ပြုခဲ့သည်မှာ ထင်ရှားသည့်မှတ်တမ်းဖြစ်သည်။ လူတိုင်းတွင်ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ကိုယ်စီရှိရမည်ဖြစ်ပေရာ စာပေမတတ်ခြင်းသည် ဗလအားလုံးကို ဆုံးရှုံးသည်နှင့်တူလေသည်။ စာပေမတတ်ခြင်းကြောင့် ဗဟုသုတနည်းပါးသောအခါ အသိအလိမ္မာလျော့နည်းသည်။ ပေါင်းသင်းဆက်ဆံရေးတွင် ခက်ခဲသည်။ စာတတ်သူများ၏ ခေါင်းပုံဖြတ်ခြင်းကိုခံရသည်။ လူမှုရေးတွင်ဝင်ဆန့်ရန်ခက်ခဲသည်။ စာမတတ်လျှင် အကန်းနှင့်တူသည်ဟူသောစကားသည် လွန်စွာမှန်ပေသည်။ ကကြီး၊ ခခွေး ရေးထားတာရှိပါလျက် မဖတ်တတ်သောအခါ မျက်စေ့မမြင်သူကဲ့သို့ ဖြစ်နေပေလိမ့်မည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပညာရေးကဏ္ဍမြှင့်မားရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။ "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု၊ အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"ကို ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူများ အလယ်တန်းပညာများ ပြီးမြောက်သူများကို အထက်တန်းတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့်ပတ်သက်သည့် ကျွမ်းကျင်သူများဖြစ်အောင် သင်ကြားပေးလျက်ရှိသည်။ ယနေ့ နိုင်ငံတော်တွင် ကျင့်သုံးနေသည့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးသည် စာမတတ်သူပပျောက်ရေးကိုဦးတည်ခြင်းဖြစ်သည်။ စာတတ်သူများလာမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင်အထောက်အကူဖြစ်လာပြီး ဆင်းရဲမှုသည်လည်း လျော့နည်းလာမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးကဏ္ဍနှင့်ပတ်သက်လာလျှင် ကျောင်းပြင်ပပညာရေးကိုလည်း အကောင်အထည်ဖော်ပေးလျက်ရှိသည်။ ကျောင်းပြင်ပပညာရေးဆိုသည်မှာ နိုင်ငံအတွင်းရှိပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်တွင် မူလတန်းပညာကို ပြီးဆုံးအောင်မသင်ကြားခဲ့ရသူများ၊ ကျောင်းမနေခဲ့ဖူးသူများနှင့် စာမတတ်သူများအတွက် အသက်အုပ်စုများ ခွဲခြားသတ်မှတ်ပြီး စာတတ်မြောက်ရေးစဉ်ဆက်ပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးရေးဖြစ်သည်။

နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာခြားရသည့်အကြောင်းများတွင် စာတတ်မြောက်မှုနှုန်းမြင့်မားခြင်းအပေါ်မူတည်သည်။ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ စာတတ်မြောက်ရုံဖြင့် ကျေနပ်၍မနေသင့်သေးဘဲ စာဖတ်ခြင်း၊ အစဉ်တစိုက်လေ့လာခြင်းများ ပြုလုပ်နေကြရမည်ဖြစ်သည်။ နည်းပညာဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ လူ့ဘောင်သစ်ကို တည်ထောင်နေကြသည်။ ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့၏ ဆောင်ပုဒ်သည် "အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံပညာရေးကိုမြှင့်တင်ကြပါစို့ (Promoting multilingual education : Literacy for mutual understanding and peace)" ဖြစ်သည်။ အပြန်အလှန်နားလည်မှုနှင့်ငြိမ်းချမ်းရေးကို မြှင့်တင်ရန်အတွက် ဘာသာစကားမျိုးစုံပညာရေးနှင့် စာတတ်မြောက်ရေးတို့ကို မြှင့်တင်ခြင်းမှာ သိသာထင်ရှားသောအကျိုးကျေးဇူးများကိုရရှိစေမည်ဖြစ်သည်။ ဘာသာစကားမျိုးစုံကို သင်ယူခြင်းသည် လူတစ်ဦးချင်းစီ၏ မတူညီသောယဉ်ကျေးမှုများကို နားလည်သဘောပေါက်စေပြီး ယဉ်ကျေးမှုဆိုင်ရာအသိအမြင်နှင့် စာနာနားလည်မှုကိုတိုးပွားစေမည်။ ကမ္ဘာတစ်ဝန်း တည်ငြိမ်အေးချမ်းမှုကို ဖြစ်ပေါ်စေမည်ဟုယုံကြည်ပါသည်။ ထို့ကြောင့် မိမိတို့ပတ်ဝန်းကျင်တွင် စာမတတ်သူရှိပါက ဖေးမကူညီ၍စာတတ်မြောက်ရေး ဆောင်ရွက်ပေးပါရန်နှင့်စာတတ်မြောက်သူများအနေဖြင့် မိမိကိုယ်တိုင်တိုးတက်ကြီးပွားရေး၊ မိမိနိုင်ငံတိုးတက်ရေးနှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာရေးတို့ကို ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

**- သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ(၂၀၂၃)**

**- သုတရတနာ(ရန်ကုန်တိုင်းစစ်ဌာနချုပ်)**

**- မြန်မာ့အလင်းသတင်းစာ (၄-၉-၂၀၂၄)**

# ပေါင်းတည်မြို့နယ်ရှိ ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပွဲ ကျင်းပသွားမည်



**ပေါင်းတည် စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်ရှိ ၁၂၇ ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း ဗုဒ္ဓမြတ်စွယ်တော် ဂေါပကအဖွဲ့ဝင် ဦးအေးဝင်းက ပြောပြ၍သိရသည်။

ပေါင်းတည်မြို့နယ် သိကျမုနိ မိုဃ်းကောင်းဘုရားကြီးတိုက် ဂန္ဓကုဋိ ရွှေတိုက်တော်အတွင်း ကိန်းဝပ်စံမြန်းလျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်အား နှစ်စဉ်အပူဇော်ခံပွဲကို စက်တင်ဘာ ၁၅ ရက်မှ စက်တင်ဘာ ၁၇ ရက် (တော်သလင်းလဆန်း ၁၃ ရက်မှ တော်သလင်းလဆန်း ၁၅ ရက်)ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

"တော်သလင်းလဆန်း ၁၄ ရက်နဲ့ တော်သလင်းလဆန်း ၁၅ ရက်တို့မှာ မြတ်စွယ်တော်အား ဖုံးအုပ်ထားတဲ့ ရတနာစိန်ကြုတ်တော်ကို ဖွင့်လှစ်ပြီးတော့ နံနက် ၈ နာရီကနေ ညနေ ၄ နာရီထိ အပူဇော်ခံမှာ ဖြစ်ပါတယ်"ဟု ဦးအေးဝင်းက ပြောပြသည်။

ပေါင်းတည်မြို့နယ်၌ ကိန်းဝပ်လျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်သည် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)ရှိ ဂေါတမဘုရားစွယ်တော် တစ်ဆူနှင့်အတူ ရင်ငွေ့လှုံကာ အပူဇော်ခံခဲ့သည့် စွယ်တော်ပွားလည်းဖြစ်ပြီး နှစ်စဉ်ကျင်းပသည့် မြတ်စွယ်တော်ပွဲတော်သည် မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားသည့် ပွဲတော်ဖြစ်ကြောင်း သိရသည်။

ASH

# Blood on Snow မှုခင်းဇာတ်ကား၌ အေရွန်တေလာဂျွန်ဆင်နှင့်တွမ်ဟာဒီတို့ ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၇**

Blood On Snow အမည်ရှိ မှုခင်းလျှို့ဝှက်သည်းဖို ဇာတ်ကားသစ်တွင် မင်းသား အေရွန်တေလာဂျွန်ဆင်နှင့် တွမ်ဟာဒီတို့ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

Blood On Snow ဇာတ်ကားသည် နော်ဝေစာရေးဆရာ ဂျိုနက်စဟို၏ ခေါင်းစဉ်တူဝတ္ထုကိုအခြေခံ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကားသည် No Time To Die ဒါရိုက်တာ ကာရီဖူကူနာဂါက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို စာရေးဆရာ နက်စဘိုကိုယ်တိုင် ရေးသားပေးထားကြောင်း သိရသည်။

Blood On Snow ဇာတ်ကားသည် ၁၉၇၀ ပြည့်နှစ်အတွင်း အော့စလိုမြို့တော်၌ နယ်မြေထိန်းချုပ်ရေးအတွက် ဒုစရိုက်ဂိုဏ်းနှစ်ဂိုဏ်း အားပြိုင်ခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Blood On Snow ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# တေးသံရှင် ချစ်ကောင်းနှင့် မေခလာတို့၏ တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ် Inya Lake Garden တွင် ပြုလုပ်သွားမည်

**ရန်ကုန် စက်တင်ဘာ ၇**

တေးသံရှင် ချစ်ကောင်းနှင့် တေးသံရှင်မေခလာတို့၏ လူကြမ်းကြီးနှင့် ဘုရင်မအမည်ရှိ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် မေခလာက ပြောပြ၍ သိရသည်။

အဆိုပါ လူကြမ်းကြီးနှင့် ဘုရင်မ အမည်ရှိ တေးဂီတဖျော်ဖြေပွဲတွင် ချစ်ကောင်းနှင့် မေခလာတို့၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို HI BIRD BAND တေးဂီတအဖွဲ့ တီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"အချစ်တွက်ဆိုရင် တကယ် ကြမ်းမည့် ချစ်လူကြမ်းကြီး ဦးချစ်ကောင်းနဲ့ ချစ်သူကို ဦးညွှတ်ခစားလာအောင် လုပ်တတ်တဲ့ အချစ်ဘုရင်မ မငယ်တို့ကဘယ်လိုသီချင်းတွေကို ရွေးချယ်ပြီးတော့ ပုံဖော်ဖမ်းစားမလဲဆိုတာ တွေ့ခွင့်ရမဲ့ ညတစ်ညမို့ Inya Lake Garden ကို လာခဲ့ကြဖို့ မမေ့နဲ့နော်" ဟု တေးသံရှင် မေခလာက ပြောပြသည်။




လူကြမ်းကြီးနှင့် ဘုရင်မ တေးဂီတဖျော်ဖြေပွဲကို Inya Lake Garden တွင် စက်တင်ဘာ ၁၄ ရက် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Wrecking Crew ဇာတ်ကားတွင် မင်းသမီး မော်ရီကာဘာကာရင်း သရုပ်ဆောင်မည်

**နယူးယောက် စက်တင်ဘာ ၇**

Amazon MGM ၏ The Wrecking Crew အမည်ရှိ ဟာသအက်ရှင်ဇာတ်ကားသစ်၌ မင်းသမီး မော်ရီကာဘာကာရင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

The Wrecking Crew ဇာတ်ကားတွင် မင်းသမီး မော်ရီကာဘာကာရင်းသည် မင်းသား ဒွေဘာတစ္စတာ၊ ဂျေဆင်မိုမိုအာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

The Wrecking Crew ဇာတ်ကားသည် တစ်ယောက်နှင့်တစ်ယောက် မတည့်သည့် ညီအစ်ကိုနှစ်ဦး ဖခင်အသတ်ခံရမှုနောက်ကွယ်မှ အကြံအစည်ကြီးတစ်ခုကို ပူးတွဲဖော်ထုတ်ခဲ့ပုံအား ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ အိန်ဂျယ်မန်နျူရယ်ဆန်းတို့စ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျိုနသန်ထရောပါက တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

The Wrecking Crew ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းကို နယူးဇီလန်နိုင်ငံ၌ ယခုနှစ် အောက်တိုဘာလအတွင်း စတင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO



# ခေါင် ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံစေတီတော်တွင် ကျင်းပပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၇**

ရွှေပြာသာဒ် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ခေါင်အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံစေတီတော်တွင် စက်တင်ဘာ ၆ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ဇာတ်ညွှန်းရေးထားသူ ဖိုးကျော် (သန်လျင်)က ပြောပြ၍ သိရသည်။



ခေါင် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ရွှေပြာသာဒ်က ရေးသားထားကာ ဖိုးကျော် (သန်လျင်)က ဇာတ်ညွှန်းရေးထားပြီး ဒါရိုက်တာ ကျော်ဇေက ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်နဲ့ နှစ်ပေါင်းများစွာ အလုပ်တွဲလုပ်ခဲ့တဲ့ ဘဦး Series ကို ရိုက်ခဲ့တဲ့ ဒါရိုက်တာ ကိုကျော်ဇေက ဒီဇာတ်ကိုရေးပေးဖို့ ဆက်သွယ်ကမ်းလှမ်းတာမို့ ရေးပေးဖြစ်ခဲ့တာပါ။ မိသားစုဇာတ်လမ်းလေးကို ရေးပေးဖြစ်တာပါ။ ခေါင်ဆိုတာကတော့ ခေါင်မလုံတဲ့အိမ်ကတော့ ရေယိုစိမ့်မှုတွေရှိတယ်ဆိုတာတွေ ပါပါတယ်။ အဓိကကတော့ မိဘမေတ္တာတွေရယ် နောက်မိဘအပေါ်မှာ သံသယစိတ်မထားရှိဖို့တွေရယ် ပါပါတယ်။ တကယ်လို့ သံသယစိတ်ထားမိရင် ဘယ်လိုပြန်ဖြေရှင်းရတဲ့အရာတွေ ရေးဖွဲ့ထားပါတယ်"လို့ ဇာတ်ညွှန်း ဖိုးကျော်(သန်လျင်)က ပြောပြသည်။

ခေါင် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေဆန်း၊ ပိုင်စစ်မှူး၊ ဇေယျာတု၊ ထင်လင်းအောင်၊ ဘုန်းမြတ်မင်းသန့်၊ ဝင်းမြိုင်၊ ဟန်ဆက်လူ၊ စုလှိုင်နှင်း၊ ကြယ်စင်လင်းထူး၊ ရွှေဘုံသံသာ၊ သိင်္ဂီမြင့်၊ မဇင်၊ ကိုလူချောအဖွဲ့နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing participates in third monsoon tree growing ceremony of Nay Pyi Taw, Union Territory and plants gangaw sapling


Senior General Min Aung Hlaing views tree planting activities.

**Nay Pyi Taw September 7**

Nay Pyi Taw, Union Territory, held its third monsoon tree growing ceremony for 2024 at plot 16 of Yanaungmyin forest reserve in Leway Township, Nay Pyi Taw, Union Territory, this morning, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing who planted a gangaw sapling.

Present together with the Senior General were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, the SAC Secretary, the Joint SAC Secretary, SAC members, union level officials, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, officers and staff of ministries, officials, teachers and students of basic education schools and institutions of higher learning in Nay Pyi Taw Council area.

First, the Senior General delivered a speech. He said the Union is organizing tree growing ceremonies with the public participation annually, and in regions and states, area-wise and department-wise monsoon tree planting activities are being held. Forest and trees are very important for survival of life on Earth and they provide benefits such as food sufficiency, a balanced climate, natural disaster prevention and water and soil conservation and constantly rendering ecosystem services.

As the saying which goes **"rain from sky, forest on land, save precious rain water carefully, and the forest will bear gold"** trees and forests are so valuable as they preserve water sources and water resources. Roots of trees keep the soil protected and together with leaves and trunk, they support and control water flow and groundwater recharge. Hence, they are acting like natural water filter tanks and water storage tanks, while supporting the food sufficiency and national development.

Forest must be conserved for the durability of the fresh water resources, which are, rivers, creek, lakes and ponds and dams. Nature will always be beautiful only if reservoirs, waters and creeks are filled to the brim. So also, forest and trees protect erosion of any kind and ensure sustainability of the dams. The current floods are the cause of depletion of watershed areas for various reasons, silting and damages triggered by weakness in water flow management.

*See Page 14*


Senior General Min Aung Hlaing waters a gangaw sapling.


Vice-Senior General Soe Win plants a sapling.


U Yan Kyaw waters a sapling.


U Shwe Kyein waters a sapling.


Dr Hmu Htan waters a sapling.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing visits Naypyitaw State Academy and Naypyitaw State Polytechnic University


Senior General Min Aung Hlaing pays homage to the Buddha image.


Senior General Min Aung Hlaing pays homage to the Buddha image.

**Nay Pyi Taw September 7**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, along with Joint Secretary of the Council General Yaw Win Oo, Council members, Union Ministers, and officials, visited Naypyitaw State Academy and Naypyitaw State Polytechnic University in Nay Pyi Taw, Union Territory, this morning to inspect the facilities.

First, the Senior General and his entourage arrived at Naypyitaw State Academy. They inspected the trees planted during the 2024 first rainy season planting ceremony, checked the progress of the construction of the graduation hall and classrooms, and provided instructions on maintaining cleanliness and beauty within the university campus to ensure that students can learn in a peaceful and enjoyable environment.

Following this, the Senior General and party arrived at Naypyitaw State Polytechnic University, where they observed the condition of the trees planted during the 2024 second rainy season planting ceremony, the ongoing construction of buildings, and a football field. The Senior General also listened to the presentations of the responsible personnel and gave necessary instructions.

Subsequently, the Senior General and party visited the Nay Pyi Taw Buddha Gaya Thatta Thattaha Maha Bawdi Pagoda, where they paid homage to the sacred Buddha image, offered flowers and water, and donated funds for the all-round renovation of the pagoda. An official from the pagoda board of trustees accepted the donations. They then visited the photo gallery documenting the middle path of the Buddha's journey and

*See Page 14*


Senior General Min Aung Hlaing inspects construction tasks at Naypyitaw State Polytechnic University.


Senior General Min Aung Hlaing goes round in a religious building of Thatta Thattaha Maha Bawdi Pagoda.


Senior General Min Aung Hlaing gives instruction on cleanliness within the campus of Naypyitaw State Academy.


Senior General Min Aung Hlaing goes round within the campus of Naypyitaw State Academy.


Dr Ba Shwe waters a sapling.

*From Page 12*

The SAC is accelerating the tree plantation activities with the goal of greening the arid central Myanmar, alleviating climate change, reducing temperatures and providing basic needs including fuel wood and poles for the rural. It is of vital importance for the thriving of every planted tree.

Studying the areas which were flooded this year, it was found that towns which faced floods sometimes suffered floodings almost every year. It is humans who make nature better or worsen it. As men play an important role, if systematic management of natural forests, establishing forest plantations in deforested areas, planting trees in watershed areas, conservation of environment are disaster preparedness systematically carried out, extreme weather conditions and natural disasters can be effectively reduced.

If forests are protected and nurtured by all in accordance with the motto "Forests are legacy of the past, benefits of the present and development of the future", will we be able to hand down a favourable green environment full of natural resources for future generations.

Everyone is urged to give priority to sonsistently planting forests and building green and lush forest landscape for the greening of wards and villages and rural areas in the entire country and make concerted efforts to conserve forests and forest ecosystem, which are important for sustainable development of the country, security of food, reduction of climate change and natural disasters as a national duty by considering from multiple perspectives.

Then, the Senior General planted a gangaw tree at the designated place.

Afterwards, the Vice-Senior General, the secretary and the joint secretary and members of the SAC, union level officials and union ministers, dignataries and staff of ministries, officials, teachers and students from basic education schools and universities and colleges in Nay Pyi Taw Council Area planted seedlings simultaneously. Then, the Senior General inspected the activities of happily planting trees of participants in the third tree planting ceremony in 2024.

At today's tree planting ceremony, a total of 3,000 trees from 15 plant species. During the assumption of the SAC from 2021, 10 national level tree planting ceremonies have been held by planting 17,677 trees and 1,584 tree planting. The government has been encouraging tree planting annually and 22.856 millions were planted including trees planted this year. 100


Daw Dwe Bu waters a sapling.

*From Page 13*

observed the surroundings. The Senior General then went round the pagoda in a clockwise direction and struck the peace bell.

Next, the Senior General and party visited Musaleinda Lake and Nagayon Pagoda, the Isipatana Migadawon Forest, where the Buddha delivered his first sermon, and the Ingyin Forest, where the Buddha attained Nirvana. They observed the conditions at the monastery buildings and the Dhammayon, inspected the conditions, and instructed responsible persons to ensure that the grounds remain clean and beautiful, the pagoda and other structures are properly maintained for long-term preservation, and the cleanliness of the monasteries is maintained. The Senior General also provided guidance on repairing the damaged ceilings and floors in the Dhammayon and other necessary instructions.

Afterwards, the Senior General and party visited Waziyananda Thubawdayon Monastery and Waziya Dhamma Jotika Temple. At the temple, they offered flowers, water, and oil lamps to the sacred Buddha image. They paid homage to Sayadaw Vinayadara Ubatawvibinga Kawvida Sasanadhaja Siriparava Dhammacariya Bhaddanta Zawtivara, and inquired about the conditions of the student monks and the needs of the monastery. Then, the Senior General offered alms and made a cash donation. 100

# Philippines searches for 15 fishermen missing at sea due to Yagi

**Manila September 7**

The Philippine Coast Guard (PCG) on Saturday said it has joined the search and rescue operations for 15 fishermen reportedly missing at sea since Sept. 1 due to then tropical storm Yagi.

The PCG said the missing fishing boat was separated from the other boat in bad weather during their fishing venture on Sept. 1 in the vicinity waters of Philippine Rise, off the east Isabela province of Luzon island.

The PCG said the fishermen attempted to terminate their fishing activities after hearing of approaching Yagi, which later intensified into a super typhoon and made landfall in China on Friday.

However, the fishermen were confronted with "challenging sea conditions," which caused them to be separated and then lost communication, the PCG said.

According to the National Disaster Risk Reduction and Management Council (NDRRMC), Yagi has claimed at least 20 lives, with 26 people still missing across the Philippines.

It was unclear whether the 15 missing fishermen that the PCG reported were among those missing reported by the NDRRMC.

Xinhua

# IFA Berlin 2024 kicks off, featuring AI, sustainability

**Berlin September 7**

IFA Berlin 2024, the world's leading trade show for consumer electronics and home appliances, kicked off Friday, bringing together over 1,800 global exhibitors, 125 keynote speakers and more than 182,000 visitors from 139 countries, according to the organizer.

This year's event marks the 100th anniversary of IFA, with global tech giants showcasing their cutting-edge innovations like artificial intelligence, robotics, and even a flying car.

Leif Lindner, the CEO of IFA Berlin, highlighted the enduring appeal of the trade show, citing the strong demand from exhibitors.

"IFA has always been and will always be at the forefront of change and disruption, showcasing real-life innovation, with real consumers responding to new technology in real time," Lindner said.

According to the organizer, artificial intelligence and sustainability are the major themes of IFA 2024. During the five-day event, the world's first real flying car is expected to be demonstrated.

"IFA will continue to prove itself as a sustainable driver of growth and innovation in its anniversary year," said Sara Warneke, managing director of gfu Consumer & Home Electronics GmbH, which owns the trademark IFA.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံ ဖရီးဂိတ်စစ်သင်္ဘောသစ်၏ဓာတ်ပုံများ အွန်လိုင်းမီဒီယာတွင်ပျံ့နှံ့ခဲ့



တရုတ်နိုင်ငံ ဖရီးဂိတ်စစ်သင်္ဘောသစ်၏ဓာတ်ပုံများ မကြာသေးမီက အွန်လိုင်းမီဒီယာပေါ်တွင် ပျံ့နှံ့ခဲ့ကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၆ ရက်တွင် ရေးသားဖော်ပြထားသည်။

ဖရီးဂိတ်စစ်သင်္ဘော၏ ရေဒါဖြတ်ပိုင်းဧရိယာကိုလျှော့ချရန် ရည်ရွယ်တည်ဆောက်ထားသည့် သင်္ဘော၏ ပြောင်မြောက်သော ဒီဇိုင်းအနေအထားကို ပြသထားသည့်ဓာတ်ပုံအပေါ် ပြည်တွင်းနှင့် နိုင်ငံတကာတွင် စစ်ဘက်လေ့လာအကဲခတ်သူများ၏ စိတ်ဝင်စားမှုကို ဖမ်းစားထားနိုင်ခဲ့သည်။ အထူးစိတ်ဝင်စားစရာကောင်းနေသည်မှာ စစ်သင်္ဘောပေါ်တွင် တပ်ဆင်ထားသည့် ကိရိယာတစ်ခုဖြစ်ပြီး ဒုံးပစ်လောင်ချာတစ်ခုကို ပြန်လည်တပ်ဆင်နေသည့်ပုံစံနှင့် ဆင်တူသော်လည်း သိရှိပြီးသား တရုတ်နိုင်ငံထုတ် ဖရီးဂိတ်စစ်ရေယာဉ်များနှင့် သိသိသာသာ ကွဲပြားနေသည်ကို သတိထားမိခဲ့ကြသည်။ ထိုအချက်အပေါ် စစ်မှုရေးရာလေ့လာအကဲခတ်သူတချို့က တရုတ်နိုင်ငံသည် ဖရီးဂိတ်စစ်သင်္ဘောပေါ်တွင် တိုက်ရိုက်စွမ်းအင်သုံး လေဆာလက်နက်များကို တပ်ဆင်စမ်းသပ်နိုင်ဖွယ်ရှိကြောင်း ထင်ကြေးပေးသုံးသပ်မှုများ ထွက်ပေါ်လာစေခဲ့သည်။

သင်္ဘော၏ ပင်မကိုယ်ထည်နှင့် ကုန်းပတ်ကြား၌ ပုံမှန်စစ်သင်္ဘောများတွင် တွေ့ရလေ့မရှိသော ဖွဲ့စည်းတည်ဆောက်ထားမှုသည် HQ-10 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ် ဖြစ်ကောင်းဖြစ်နိုင်သည်ဟု ယူဆသော်လည်း ဒုံးပစ်လောင်ချာ ပါခြင်းမရှိသည့်အတွက် ထိုအချက်သည်လည်း မဖြစ်နိုင်ဟုသုံးသပ်ထားခဲ့ကြသည်။ ဒုံးပစ်လောင်ချာမပါရှိဘဲ တစ်ခုတည်းသော အလင်းဝင်ပေါက်ပါရှိကာ ဆန်းသစ်သော Optical Device အလင်းပြကိရိယာ ဖြစ်နိုင်သကဲ့သို့ လေဆာလက်နက် နည်းပညာသစ်များ စမ်းသပ်ရန်အတွက် ပလက်ဖောင်းတစ်ခုလည်း ဖြစ်နိုင်သည်။ တရုတ်နိုင်ငံသည် လေဆာလက်နက်နယ်ပယ်တွင် အရှိန်အဟုန်မြင့် လုပ်ဆောင်လျက်ရှိပြီး ထိုသို့ကြိုးပမ်းလာမှုများသည် ရေတပ်စစ်ရေယာဉ်များ၌ပါ ပေါင်းစပ်အသုံးပြုရာတွင် သိသာထင်ရှားသော ခြေလှမ်းတစ်ရပ်ပင် ဖြစ်ပေသည်။

သင်္ဘောပြင်ပဘက်ပိုင်းတွင် မြင်နိုင်စွမ်းနည်းပါးအောင် ဖန်တီးပုံဖော်ထားခြင်း ဖြစ်နိုင်သည်။ နောက်ထပ်ထင်ရှားသော ဝိသေသလက္ခဏာတစ်ရပ်မှာ ရေဒါရောင်ပြန်လွှတ်မှုကို အနည်းဆုံးဖြစ်စေရန်ဒီဇိုင်းထုတ်ထားသော သင်္ဘောရှက်တိုင် တည်ဆောက်မှုဖြစ်သည်။ ထိုအချက်သည် သင်္ဘောရှိ ဆက်သွယ်ရေးစနစ်များကြားလျှပ်စစ်သံလိုက်လှိုင်း နှောင့်ယှက်မှုများကိုပါ လျော့နည်းစေနိုင်မည်ဖြစ်သည်။

ထို့ပြင် တရုတ်ဖရီးဂိတ်စစ်သင်္ဘောတွင် All-Electric Propulsion System တွန်းအားပေးစနစ်ကို အသုံးပြု၍ စမ်းသပ်နေခြင်းဖြစ်နိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားကြသည်။ အဆိုပါတွန်းအားပေးစနစ်သည် စစ်ဆင်ရေးထိရောက်စွာဆောင်ရွက်နိုင်မှု၊ စစ်သင်္ဘော၏ ရပ်တည်ရှင်သန်နိုင်မှု မြင့်မားကောင်းမွန်စေခြင်း စသည့်အားသာချက်များ ပိုင်ဆိုင်ထားစေသည့် တွန်းအားပေးစနစ်လည်းဖြစ်သည်။

တရုတ်နိုင်ငံအတွက် ဤဖရီးဂိတ်စစ်သင်္ဘောသည် နောက်ဆုံးထုတ် ဖြစ်နိုင်ဖွယ်မရှိဘဲ အနာဂတ်တွင် အရွယ်အစားပိုမိုကြီးမားသော ဒီဇိုင်းများအတွက် စမ်းသပ်ရေး ရှေ့ပြေးနမူနာပုံစံတစ်ခုဖြစ်လာနိုင်ပြီး အရွယ်အစားပိုင်းတွင် အဆပေါင်းများစွာ တိုးချဲ့လုပ်ဆောင်လာနိုင်ဖွယ်ရှိသည်ဟု လေ့လာသူများက သုံးသပ်ထားကြသည်။

**China's new stealth warship unveiled: possible laser weapon testing sparks speculation** ကို ဘာသာပြန်ဆိုထားပါသည်။

## NATO မဟာမိတ်အဖွဲ့က လေဆာလမ်းညွှန်ကိရိယာများဝယ်ယူရေး RTX ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို

NATO မဟာမိတ်အဖွဲ့၏ ပံ့ပိုးကူညီမှုနှင့် ဝယ်ယူရေးအေဂျင်စီသည် ဝေဟင်မှ မြေပြင်ပစ်ဗုံးများ တိကျစွာတိုက်ပွဲဝင်နိုင်မှုတိုးတက်ကောင်းမွန်လာစေရန် လေဆာလမ်းညွှန်ကိရိယာများ ဝယ်ယူရေးအတွက် အမေရိကန်နိုင်ငံဒုံးကျည်စနစ်များထုတ်လုပ်သည့် ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သောRTX နှင့်ယူရိုသန်း ၁၂၀ ဝယ်ယူရေးသဘောတူစာချုပ်ကိုချုပ်ဆိုနိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဝယ်ယူရေးတွင် ရန်ပုံငွေကို NATO မဟာမိတ်အဖွဲ့ဝင် နိုင်ငံ ၂၈ နိုင်ငံပါဝင်သည့် Ammunition Support Partnership (ASP) မှ ထုတ်နုတ်အသုံးပြုဝယ်ယူခဲ့ခြင်းဖြစ်ပြီး ခဲယမ်းများလွှဲပြောင်းခြင်းဆိုင်ရာစီမံခန့်ခွဲမှုနှင့် နည်းပညာဆိုင်ရာလုပ်ငန်းစဉ်များသည် လနှင့်ချီကြာနိုင်သည်ဟု သိရသည်။

သဘောတူညီချက်အသစ်သည် RTX ၏ Paveway Kits လမ်းညွှန်ကိရိယာများကိုအသုံးပြု၍ Dumb ဗုံးများဟုခေါ်ဝေါ်သုံးနှုန်းလေ့ရှိကြသော သမားရိုးကျပဲ့ထိန်းမဲ့ဗုံးများကို တိကျလမ်းညွှန်ပဲ့ထိန်းဗုံးများအဖြစ် ပြောင်းလဲအသုံးပြုနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

Paveway ဗုံးများသည် ဗီယက်နမ်စစ်ပွဲအတွင်း ပထမဆုံးအသုံးပြုခဲ့ကြပြီး ထိုကာလက အမေရိကန်စစ်တပ်နှင့် ၎င်း၏မဟာမိတ်များအတွက် ဝေဟင်မှ မြေပြင်ပစ်လက်နက်များတွင် အဓိကကျသော လေကြောင်းစွမ်းအား လက်နက်တစ်မျိုးလည်းဖြစ်သည်။ စီးရီးလိုက်ထုတ်လုပ်ထားလျက်ရှိရာတွင် Paveway II၊ III၊ နှင့် IV ကဲ့သို့သော မျိုးကွဲများစွာပါဝင်ပြီး နောက်ပိုင်းတွင် နောက်ဆုံးပေါ်နှင့်ခေတ်မီဆုံးဖြစ်သည့် GPS နှင့် လေဆာလမ်းညွှန်စွမ်းရည်များပါရှိသောပဲ့ထိန်းလမ်းညွှန်ဗုံးများသည် ဆိုးရွားသောရာသီဥတုအခြေအနေများတွင်ပင် ပိုမိုတိကျစွာတိုက်ခိုက်လာနိုင်စွမ်းရှိခဲ့ကြသည်။

ဥရောပနိုင်ငံ တော်တော်များများက Paveway လမ်းညွှန်ကိရိယာသုံးဗုံးများကို အသုံးပြုလျက်ရှိကြသည်။ ဗြိတိန်နိုင်ငံသည် Eurofighter Typhoon နှင့် F-35 လေယာဉ်များပေါ်တွင် Paveway IV ပဲ့ထိန်းလမ်းညွှန်ဗုံးများတပ်ဆင်အသုံးပြုလျက်ရှိသည်။ ပြင်သစ်တွင် AASM Hammer ကဲ့သို့သော ၎င်း၏ကိုယ်ပိုင်လမ်းညွှန်စနစ်များဖြင့် အဓိကအသုံးပြုနေသော်လည်း အမေရိကန်ထုတ် Paveway လမ်းညွှန်ကိရိယာနည်းပညာကိုအသုံးပြုခွင့်ရှိသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း သိရသည်။



အီတလီနိုင်ငံသည် တိုက်လေယာဉ်များတွင် Paveway လမ်းညွှန်ဗုံးမျိုးကွဲများကို အသုံးပြုလျက်ရှိပြီး NATO အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဂျာမနီနိုင်ငံသည်လည်း အဆိုပါဗုံးများကို ၎င်း၏လေကြောင်းစစ်ဆင်ရေးတွင် ပေါင်းစပ်အသုံးပြုထားသည်။ NATO အဖွဲ့ဝင်လည်းဖြစ်သည့် ပိုလန်နိုင်ငံသည် ကာကွယ်ရေးသဘောတူညီချက်များအောက်တွင် ၎င်းလက်နက်များကိုအသုံးပြုခွင့်ရရှိထားပြီး ၎င်း၏ လေကြောင်းစွမ်းရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

လမ်းညွှန်ကိရိယာနှင့် ပတ်သက်၍ နောက်ဆုံးဆန်းသစ်တီထွင်မှုများသည် သမားရိုးကျ လေဆာလမ်းညွှန်လက်နက်များ၏ တိကျမှုနှင့် လိုက်လျောညီထွေရှိမှုတွင် ရာသီဥတုမရွေးအသုံးပြုတိုက်ပွဲဝင်နိုင်စေရန်အတွက် GPS လမ်းညွှန်စနစ်ဖြင့် ပေါင်းစပ်ပေးထားသည်။ RTX ကုမ္ပဏီက ရလဒ်အနေဖြင့် ခဲယမ်းအရေအတွက်အများအပြားသုံး၍ အကြိမ်ကြိမ်ပျံသန်းတိုက်ခိုက်ရမှုများ လျော့နည်းစေခြင်း၊ ခဲယမ်းချွေတာနိုင်ခြင်းနှင့် အောင်မြင်မှုနှုန်း မြင့်မားကောင်းမွန်ခြင်းတို့ ပိုင်ဆိုင်လာနိုင်စေမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

ဤဝယ်ယူရေး သဘောတူစာချုပ်သည် NATO မဟာမိတ်အဖွဲ့၏ စက်မှုစွမ်းရည်မြှင့်တင်ရေး ကတိကဝတ်ကို ကြိုးပမ်းဆောင်ရွက်ကြရန် ၂၀၂၄ခုနှစ် ဇူလိုင်လတွင် ဝါရှင်တန် ထိပ်သီးအစည်းအဝေး၌ သဘောတူညီခဲ့မှု၏ ရလဒ်ကောင်း တစ်ခုပင်ဖြစ်သည်။

**NATO order laser guidance kits for air-to-ground precision** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

**ရှေ့ဖုံးမှအဆက်**

ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နှစ်စဉ် ဦးစီးဦးဆောင်လုပ်ပြီး ကျင်းပဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း ဒေသအလိုက်၊ ဌာနအလိုက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ပြုလုပ်လျက်ရှိကြောင်း၊သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါပြီး စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေးစသည့် တိုက်ရိုက်အကျိုးကျေးဇူးများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိကြောင်း။

**“မိုးပေါ်ကရေ၊ မြေပေါ်ကတော၊ မိုးရေကို ငွေလိုစု၊ ရွှေဥတဲ့ တော”**ဆိုသည့်အတိုင်း သစ်ပင်သစ်တောများသည် ရေအရင်းအမြစ်များ၊ ရေသယံဇာတများကို ထိန်းသိမ်းပေးသည့်အတွက် အလွန်အဖိုးတန်လှကြောင်း၊ သစ်ပင်များ၏ အမြစ်များသည် မြေဆီလွှာကို ကုပ်တွယ်ထိန်းသိမ်းထားပြီး ရွက်အုပ်ပင်စည်များနှင့်အတူ မြေပြင်တွင် ရေစီးဆင်းမှု၊ ရေစိမ့်ဝင်မှုများကို ထိန်းချုပ်ပေးနိုင်ကြောင်း၊ ထို့ကြောင့် သဘာဝရေစစ်ကန်၊ ရေလှောင်ကန်များသဖွယ် အကျိုးပြုလျက်ရှိပြီး စားရေရိက္ခာဖူလုံရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးကို အထောက်အကူပြုလျက်ရှိကြောင်း။

ရေချိုအရင်းအမြစ်များဖြစ်သည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များနှင့် ဆည်တာတမံများ ရေရှည်တည်တံ့စေရန် ရေဝေရေလဲဒေသရှိ သစ်ပင်သစ်တောများကို ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ **“ဆည်မြောင်းချောင်းကန်ရေပြည့်လျှံ၊ သစ်ပင်ရုံမှ သဏ္ဌာန်လှပမြဲထာဝရ”**ဆိုသည့်အတိုင်း သစ်ပင်သစ်တောများရှိမှသာ မြေတိုက်စားမှု၊ ရေတိုက်စားမှုများမှကာကွယ်ပြီး ဆည်များရေရှည်တည်တံ့စေမည်ဖြစ်ကြောင်း၊ လတ်တလောကြုံတွေ့နေရသည့် ရေကြီးရေလျှံမှုများသည် ရေဝေရေလဲသစ်တောများ အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးပျက်စီးခြင်း၊ နုန်းအနည်အနှစ်များ ပို့ချမှုများခြင်း၊ ရေစီးရေလာများ ထိန်းသိမ်းမှုအားနည်းခြင်းကြောင့် ပျက်စီးခြင်း၏ အကျိုးဆက်များပင်ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရန်၊ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိစေရန်၊ အပူဒဏ်လျော့ပါးသက်သာစေရန်၊ ကျေးလက်နေပြည်သူများအတွက် ထင်း၊ တိုင်၊ မျောစသည့် **အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် သစ်တောစိုက်ပျိုးရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ တစ်ပင်စိုက် တစ်ပင်ရှင်သန်ရေးအတွက် အမြဲမပြတ်ပြုစုထိန်းသိမ်းစောင့်ရှောက်ရန်လည်း အလွန်အရေးကြီးကြောင်း။

ယခုနှစ်အတွင်း မြန်မာနိုင်ငံဒေသအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကို လေ့လာကြည့်ပါက ယခင်က တစ်ခါတစ်ရံသာရေကြီးခဲ့သည့် မြို့များ၌ ယခုအခါနှစ်စဉ်ဆိုသလို ရေကြီးရေလျှံမှုများ ကြုံတွေ့လာရသည်ကိုတွေ့ရကြောင်း၊ သဘာဝကို ကောင်းအောင်ဖန်တီးသည်မှာ လူသားများဖြစ်သကဲ့သို့ ဆိုးအောင်ဖန်တီးသည်မှာ လူသားများပင်ဖြစ်ကြောင်း၊ **လူသာလျှင်ပဓာနဖြစ်သည့်အတွက် သဘာဝသစ်တောများ စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ တောနိမ့်တောပါးနေရာများတွင် သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ရေဝေရေလဲဧရိယာများတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားကြမည်ဆိုလျှင်** ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်များကိုထိရောက်စွာ ကာကွယ်လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း။

“သစ်တောများသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်အကျိုးစီးပွားနှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

အနာဂတ်ဖွံ့ဖြိုးမှု”ဟု ဆိုသည့်အတိုင်း သဘာဝသယံဇာတ အမွေအနှစ်ဖြစ်သည့် သစ်တောများကို အားလုံးဝိုင်းဝန်းထိန်းသိမ်း ပြုစုစောင့်ရှောက်မှသာ နောင်သားစဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး သဘာဝအရင်းအမြစ်များ ကြွယ်ဝသည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်း မြို့ပြများနှင့် ရပ်ရွာ၊ ကျေးလက်ဒေသအသီးသီးတွင် စိမ်းလန်းစိုပြည်သာယာစေရေးအတွက် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်း Landscape များကို စဉ်ဆက်မပြတ် တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်ပေးကြရန်၊ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံက ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်သွားကြရန်တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး
ကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး
မင်းအောင်လှိုင်
ပြည်ထောင်စုနယ်မြေ
နေပြည်တော်
၂၀၂၄ ခုနှစ်
တတိယအကြိမ်
မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ
အခမ်းအနားသို့
တက်ရောက်လာကြသူများက
ပျိုးပင်များအား တပျော်တပါး
စိုက်ပျိုးနေမှုကို
လှည့်လည်ကြည့်ရှု
အားပေးစဉ်။



**သဘာဝသယံဇာတအမွေအနှစ်ဖြစ်သည့် သစ်တောများကို အားလုံးဝိုင်းဝန်းထိန်းသိမ်း ပြုစုစောင့်ရှောက်မှသာ နောင်သားစဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး သဘာဝအရင်းအမြစ်များ ကြွယ်ဝသည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်. . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကံ့ကော်ပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၅ မျိုး၊ အပင် ၃၀၀၀ ကို စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှ ယနေ့ထိ နိုင်ငံအဆင့် သစ်ပင်စိုက်ပျိုးပွဲ ၁၀ ကြိမ်၊ စိုက်ပင် ၁၇၆၇၇ ပင်၊ နိုင်ငံတစ်ဝန်း သစ်ပင်စိုက်ပျိုးပွဲ ၁၅၈၄ ကြိမ်၊ စိုက်ပင် ၁ ဒသမ ၁၃၈ သန်းကျော်ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နှစ်စဉ်သစ်ပင်စိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်လျက်ရှိရာ၌ ယခုနှစ်အပါအဝင် နိုင်ငံတစ်ဝန်း သစ်ပင် ၂၂ ဒသမ ၈၅၆ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



ပြည်ထောင်စုနယ်မြေ
နေပြည်တော်
၂၀၂၄ ခုနှစ် တတိယအကြိမ်
မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ
အခမ်းအနားကျင်းပစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Polytechnic University အတွင်း အဆောက်အအုံများဆောက်လုပ်လျက်ရှိမှုနှင့် ဘောလုံးကွင်းတည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

☆ **ကျောဖုံးမှအဆက်**

ရှင်သန်ဖြစ်ထွန်းလျက်ရှိမှု၊ တက္ကသိုလ်အတွင်း ဘွဲ့နှင်းသဘင်ခန်းမနှင့် စာသင်ဆောင်များ ဆောက်လုပ်လျက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး တက္ကသိုလ်ပရဝဏ်အတွင်း သန့်ရှင်းသာယာလှပစေရေး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Naypyitaw State Polytechnic University သို့ ရောက်ရှိကြပြီး ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းလျက်ရှိမှု၊ အဆောက်အအုံများဆောက်လုပ်လျက်ရှိမှုနှင့် ဘောလုံးကွင်းတည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နေပြည်တော် ဗုဒ္ဓဂယာသတ္တာသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး စေတီတော်ကြီးဘက်စုံပြုပြင် မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ထို့နောက် မြတ်ဗုဒ္ဓ၏ မဇ္ဈိမခရီးစဉ် မှတ်တမ်းဓာတ်ပုံများ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုပြီး စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ငြိမ်းချမ်းရေးခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုစလိန္ဒာရေအိုင်နှင့် နဂါးရုံဘုရား၊ မြတ်စွာဘုရား တရားဦးဟောတော်မူရာ **စာမျက်နှာ ၁၉ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy တက္ကသိုလ်ပရဝဏ်အတွင်း ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းလျက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြတ်ဗုဒ္ဓ၏မဇ္ဈိမခရီးစဉ် မှတ်တမ်းဓာတ်ပုံများ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သတ္တာသတ္တာဟတရားစခန်း မိဂဒါဝုန်ဘေးမဲ့တောဥယျာဉ်ရှိ တိရစ္ဆာန်လေးများအား ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် ဗုဒ္ဓဂယာသတ္တသတ္တာဟ မဟာဗောဓိစေတီတော် မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်စဉ်။

စာမျက်နှာ ၁၈ မှအဆက်

ဣသိပတနမိဂဒါဝုန်တော၊ မြတ်စွာဘုရား မဟာပရိနိဗ္ဗာန်စံဝင်တော်မူရာ အင်ကြင်းတောနှင့် မြတ်စွာဘုရားဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်တို့ကို လှည့်လည်ဖူးမြော်ကြည်ညို၍ သံဃာတော်များ နားနေဆောင်များနှင့် ဓမ္မာရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် စေတီတော်ကြီး ပရိဝုဏ်တော်အတွင်း ချုံနွယ်ပေါင်းမြက်များမရှိစေရေးဆောင်ရွက်ရန်၊ အမြဲသန့်ရှင်းသာယာလှပနေစေရေး ဆောင်ရွက်ရန်၊ စေတီတော်ကြီးနှင့် အခြားအဆောက်အအုံများ ရေရှည်တည်တံ့စေရေး စနစ်တကျပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်သွားရန်၊ သံဃာတော်နားနေဆောင်များ သန့်ရှင်းမှုရှိနေစေရေးဆောင်ရွက်ရန်၊ဓမ္မာရုံကြီး၏ မျက်နှာကြက်နှင့် ကြမ်းခင်းပျက်စီးနေမှုများအား စနစ်တကျပြုပြင်ဆောင်ရွက်သွားရန်နှင့်အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် ဗုဒ္ဓဂယာသတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဝိနယရေဥဘာတောဝိ ဘင်္ဂကောဝိဒ သာသနဓဇ သိရီပဝရဓမ္မာစရိယ ဘဒ္ဒန္တဇောတိဝရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

သည် ဝဇီရာနန္ဒသုဗောဓာရုံ ကျောင်းတိုက်ဝဇီရာဓမ္မဇောတိကာ သိမ်တော်ကြီးသို့ ရောက်ရှိပြီး သိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။ ထို့နောက် ကျောင်းထိုင်ဆရာတော် ဝိနယရေဥဘာတောဝိဘင်္ဂကောဝိဒ သာသနဓဇ သိရီပဝရဓမ္မာစရိယ ဘဒ္ဒန္တဇောတိဝရအား ဖူးမြော်ကြည်ညို၍ စာသင်သံဃာများ စာသင်ကြားနေမှု အခြေအနေများနှင့် ကျောင်းအတွက် လိုအပ်ချက်များကို မေးမြန်းလျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(ဗဟ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငြိမ်းချမ်းရေးခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မုစလိန္ဒာရေအိုင်တွင် ငါးစာကျွေးစဉ်။

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မျိုးချစ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေး အဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မျိုးချစ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၄၇ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၇၃ ပါးနှင့် ကျောင်းသား၊ ကျောင်းသူ ၂၄ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ဆီးချိုရောဂါ၊သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ကလေးရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးကြစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့ အပါအဝင် မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်အပါအဝင် မြို့နယ် ၁၅ မြို့နယ်တို့၌လည်းကောင်း စာသင်ကျောင်းများအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ စာသင်ကျောင်းများပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးကြစဉ်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များ ဖြည့်စွက်ခန့်ထား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၄၇/၂၀၂၄**
၁၃၈၆ ခုနှစ် တော်သလင်းလဆန်း ၅ ရက်
(၂၀၂၄ ခုနှစ် စက်တင်ဘာလ ၇ ရက်)
**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ဖြည့်စွက်ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ခန့်ထားလိုက်သည်-

(၁) ဦးဝင်းလှိုင်ဦး (ခ) ကုန်ဇမှုန်း
ဂေါပကအဖွဲ့ဝင်
စိန်မေရီကက်သလစ်ဘုရားကျောင်း

(၂) ဦးသန်းဝင်း
ဂေါပကအဖွဲ့ဝင်
ပိန္နဲကုန်းဂျာမေဗလီ

(၃) ဦးတင်ကိုကို
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၄၈/၂၀၂၄**
၁၃၈၆ ခုနှစ် တော်သလင်းလဆန်း ၅ ရက်
(၂၀၂၄ ခုနှစ် စက်တင်ဘာလ ၇ ရက်)
**တာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ချင်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဟန်ကျင့်ဇမ်း အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၂၂ ရက်သာ လိုတော့သည်

# ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ ဆက်လက်ကျင်းပ





**နေပြည်တော် စက်တင်ဘာ ၇**

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲအကြိုဗိုလ်လုပွဲစဉ်များကို ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ဆက်လက်ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်ကို နံနက်ပိုင်းတွင် အဆိုပါလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး ပညာရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အဆိုပါ အကြိုဗိုလ်လုပွဲ ပထမပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အဆိုပါ အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၉ ရက် ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပပြီး ဗိုလ်လုပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**

# မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များထိန်းသိမ်းခြင်းနှင့် မျိုးမြှင့်တင်ခြင်းခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၇**

လယ်ယာကဏ္ဍဖွံ့ဖြိုးရေး စားရေရိက္ခာဖူလုံပိုလျှံရေး ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ လက်တွေ့မြေပြင်လိုအပ်ချက်နှင့် သုတေသနလုပ်ငန်းများ ဟန်ချက်ညီ ဆောင်ရွက်နိုင်ရေးအတွက် လစဉ် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲများကို ဌာနတွင်းပညာရှင်များက သက်ဆိုင်ရာကဏ္ဍများမှ ဦးဆောင်ဆွေးနွေးခြင်း၊ အခမ်းအနားတက်ရောက်လာကြသူများက သုံးသပ်အကြံပြုဆွေးနွေးခြင်းများဆောင်ရွက်လျက်ရှိရာ ယမန်နေ့က (၃၇)ကြိမ်မြောက်ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲ၌ "မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ထိန်းသိမ်းခြင်းနှင့် မျိုးမြှင့်တင်ခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာတင်ထွဋ်တို့ တက်ရောက်အားပေးကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များ သုတေသီများက မွေးမြူရေးတိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ထိန်းသိမ်းခြင်းနှင့် မျိုးမြှင့်တင်ခြင်း နည်းပညာဆိုင်ရာ တိုးတက်မှုများ အသိပညာဖလှယ်နိုင်ရေး၊ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားရေးနှင့် အကျိုးအမြတ်ပိုမိုရရှိစေရေးအတွက် တိရစ္ဆာန်များ၏ မျိုးရိုးဗီဇအရင်းအမြစ်များကို လက္ခဏာသတ်မှတ်ဖော်ထုတ်ခြင်း၊ ကာကွယ်ခြင်း၊ သုတေသနများပြုလုပ်ခြင်းနှင့်အသုံးပြုခြင်းဆိုင်ရာများ၊ ခေတ်မီနည်းပညာများကိုအသုံးပြု၍ မျိုးမြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်အဖွဲ့အစည်းများအားလုံး ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည့် နည်းလမ်းများရှာဖွေနိုင်ရေး၊ ငါးကဏ္ဍဆိုင်ရာနိုင်ငံ၏မူဝါဒများ၊ ဒေသတွင်းနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးမှုအခြေအနေများ၊ သားစပ်နည်းစနစ်များ၊ မျိုးမြှင့်တင်ခြင်းဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ၊ ဆက်လက်လုပ်ဆောင်သင့်သော အချက်များနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊



မြန်မာ့ဒေသမျိုးရင်းများနှင့် ဒေသမျိုးကောင်းမျိုးသန့် ထိန်းသိမ်းခြင်းတို့၏ အရေးပါမှု၊ သုတေသနများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၃၇)ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ Woman Team Regu ပြိုင်ပွဲ၌ မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအသင်း ကြေးတံဆိပ်တစ်ခု ထပ်မံဆွတ်ခူး




**နေပြည်တော် စက်တင်ဘာ ၇**

ထိုင်းနိုင်ငံ၌ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၈ ရက်ထိ ကျင်းပလျက်ရှိသည့် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ Woman Team Regu ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအသင်း ကြေးတံဆိပ်တစ်ခု ဆွတ်ခူးခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် အကြိုဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းကိုနှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် တတိယကြေးတံဆိပ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ ဗီယက်နမ်အသင်းကငွေတံဆိပ်၊ မြန်မာအသင်းနှင့် ကိုရီးယားအသင်းတို့က ပူးတွဲတတိယ ကြေးတံဆိပ်ရရှိခဲ့သည်။

ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်းမှ နည်းပြအုပ်ချုပ်သူ ခြောက်ဦး၊ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၁ ဦးတို့သည် အမျိုးသားပြိုင်ပွဲများအဖြစ် (Team, Quadrant, Mixregu, Mixquadrant)နှင့် အမျိုးသမီးပြိုင်ပွဲများအဖြစ် (Team, Quadrant, Hoop)စသည့် ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုးတို့တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး စက်တင်ဘာ ၇ ရက် ညနေပိုင်းပွဲစဉ်များအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ်နှစ်ခု စုစုပေါင်း ဆုတံဆိပ် လေးခု ဆွတ်ခူးထားပြီးဖြစ်သည်။

ယင်းပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်ထိကျင်းပမည်ဖြစ်ပြီး အာရှဒေသတွင်းနိုင်ငံများအပြင် အခြားတိုက်များမှ နိုင်ငံများလည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုး၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။


ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုး၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီးပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဒ၁)




## အားကောင်းသော လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် စက်တင်ဘာ ၇**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် မြောက်ယွန်းယွန်းသို့ ရွေ့လျားနိုင်ပြီး စက်တင်ဘာ ၈ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)တွင် မုန်တိုင်းငယ်(Depression)အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Thar Taw Maung” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် တောဘုတ်စုကျေးရွာနေ ဖိုးချစ်အား ညနေ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “ChauChau” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဗောဓိကုန်းရပ်ကွက်နေ ချူးချူးအား ည ၉ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ်အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (ဒ၀၁)

## Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်မှုအား နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားခြင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့်ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့်ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး တစ်ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့်လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5˚C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့် ၂၁ ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ၊ ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာ များဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask)ကို တပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကိုဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%)ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေ၊ ဆပ်ပြာနှင့်စနစ်တကျလျှော်ဖွပ်၍အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊ အသားများကို ကျက်အောင်ချက်ပြုတ်စားပါ၊

**Mpox (မျောက်ကျောက်)ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း(သို့မဟုတ်) ရောဂါသံသယလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့် ကုသမှုခံယူပါ။**

ကျန်းမာရေးဝန်ကြီးဌာန
ဩဂုတ်လ၊ ၂၀၂၄

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ဧက ၇၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မြောင် စက်တင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ဧက ၇၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၅၆၉၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၇၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ဝါသီးနှံ ၅၆၉၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဝါသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်းမျိုးသန့်တွေ တောင်သူများ လွယ်ကူစွာ စိုက်ပျိုးရာသီအမီစိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေပံ့ပိုးပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မြောင်မြို့နယ်တွင် ဝါသီးနှံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရန်၊ ဝါသီးနှံဖြစ်ထွန်း အောင်မြင်စေရန်၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမွန်စေရန်နှင့် စိုက်နည်းစနစ် မှန်ကန်စေရန်တို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများလိုအပ်သည့် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် ဝါသီးနှံတစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ် ၃၅၀၀၀၀ ရှိပြီး ဝါတစ်ဧကလျှင် ပိဿာ ၁၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန့်ဘလူခရိုင်တွင် အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မအူပင် စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးရှဉ့်ပိဿာချိန် ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးရှဉ့်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးရှဉ့်များ တင်ပို့ရောင်းချအားကောင်းလာခြင်းက ပြည်တွင်းမှ ငါးရှဉ့်များကို ပြည်ပဈေးကွက်သို့ တင်ပို့မှုအားကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"မအူပင်မြို့နယ်က သဘာဝအတိုင်းဖမ်းယူရရှိတဲ့ ငါးရှဉ့်တွေ အဓိကထွက်ရှိပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၈၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြည်တွင်းဈေးကွက်မှာ ငါးရှဉ့်တွေ အဝယ်လိုက်နေပါတယ်။ ဒေသထွက်ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်။ ဒီကနေတင်ပို့တဲ့ ငါးရှဉ့်တွေကို ရန်ကုန်ကနေတစ်ဆင့် အခြားပြည်တွင်း၊ ပြည်ပဈေးကွက်ကို ဆက်လက်ဖြန့်ဖြူးရောင်းချနေပါတယ်''ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ယုယုဝေက ပြောပြသည်။



မအူပင်မြို့နယ်တွင် ပြီးခဲ့သည့် ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့်ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# တောင်တွင်းကြီးမြို့နယ် ကုက္ကိုလှကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

တောင်တွင်းကြီး စက်တင်ဘာ ၇

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းသွင်းလေးကျေးရွာအုပ်စု ကုက္ကိုလှကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် (VDP) စီမံကိန်း တာဝန်ခံဝန်ထမ်းများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ်တစ်သန်း စုစုပေါင်း ငွေကျပ် ၁၆ သန်းဖြင့် ကုက္ကိုလှကျေးရွာတွင် အရှည် ၅၄၃ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ် စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က လုပ်ငန်းများ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းရာနှုန်းပြည့် ပြီးစီးပါက ကုက္ကိုလှကျေးရွာရှိ အိမ်ခြေ ၂၁၈ အိမ်၊ လူ ၉၀၁ ဦးတို့ရာသီမရွေး သွားလာရလွယ်ကူလာမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ နွဲ့ယဉ်


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်

အဓိကအရေးပါမှုဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ဆုံးရှုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၇-၉-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၈၀၀၀/၁၈၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၅၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၄၃၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

ဝတ္ထုတိုကလျာ

# အလေ့ကျဝန်းကျင်

## ယွန်းနှင်းဆီခိုင်



(၁)

"မနက်ဖြန်မှ ငါ့အကြွေးမပေးရင် ညည်းနဲ့ငါ တွေ့ပြီသာမှတ်"

ဒေါ်ပြုံး ကြိမ်းသွားသည့်စကားက နားထဲ မကြာခဏရောက်လာသည်။ လက်ထဲက ဖဲချပ်ကို ဝိုင်းအလယ်သို့ပစ်ချလိုက်ပြီး ဖဲဝိုင်းကထရန် ပြင်လိုက်သည်။ ဝတ်ထားသည့်လုံချည်က ဒူးအောက်ပိုင်းနေရာမှစ၍ အလိတ်လိုက်ကြီးဖြစ်နေ၍ ဆွဲဆန့်ရသေးသည်။

"မိမာ တော်ပြီလား ဟ"

ဖဲသမား မောင်မြင့်က ပြုံးစစဖြင့် မိမာကို လှမ်းမေးနေသည်။ သည်ကောင့်မျက်နှာပိုးက မည်သည့်အခါမျှအချိုးမပြေပေ။ လူကိုတွေ့တိုင်း အကဲစမ်းချင်သည်။ မိမာလိုမိန်းမမျိုးကလည်း အနေအထိုင် ပိပြားပြီး တည်ကြည်သည့် မိန်းမမျိုးမဟုတ်။ ယောကျ်ားများနှင့် ဟိုပုတ်ဒီပုတ်၊ အရောတဝင်နေတတ်သူဖြစ်သည်။ ဖဲဝိုင်းများသွားတတ်သည့် အပြင် အံစာဝိုင်း၊ ဒိုးဆက်ဝိုင်းဆိုလည်း မိမာ ရှေ့ဆုံးကပါတတ်သူမို့ ရပ်ကွက်ထဲက လောင်းကစားသမားအတော်များများနှင့် တရင်းတနှီးရှိတတ်သူဖြစ်သည်။

ထိုအနေအထားကြောင့် အသက်သုံးဆယ်ကျော်သာရှိနေသေးသော်လည်း အိမ်ထောင်ဆက်က နှစ်ဆက်ဖြစ်ခဲ့လေပြီ။ အခုအချိန်မှာဖြင့် နှစ်ခုလပ်အိမ်ထောင်ကွဲဖြစ်ခဲ့ရသည်။ တော်သေးသည်က ကလေးမရခင် ကွဲကြခြင်းသာမို့ မိမာမှာ နေသာရပြန်သည်။

"သုံးထိပ်မှာ ထမင်းကြော်သွားစားမယ် လိုက်မလား"

မောင်မြင့်က ထပ်ခေါ်နေ၍ ခေါင်းကို ခါပြလိုက်ရင်း–

"မလိုက်တော့ဘူးဟာ။ ငါ့ကို သုံးထောင်လောက်ပေးပါလား။ ငါ့မှာ တစ်ပြားမှမရှိတော့လို့"

"ရော့ ငါးထောင်ယူထားလိုက် နင်မလိုက်ရင် ငါသွားတော့မယ် မိမာ"

ကမ်းပေးလာသည့် ငါးထောင်တန်တစ်ရွက်ကို လှမ်းယူ၍ ခေါင်းသာညိတ်ပြလိုက်ပြီး ဖဲဝိုင်းရှိရာခြံဝိုင်းအဝမှာ ဘယ်သို့သွားရမည်ကို စဉ်းစားနေမိသည်။ အိမ်ကိုလည်း မပြန်ချင်သေးပေ။

ဖဲဝိုင်းထိ အကြွေးသမားများ လိုက်လာပြီဆိုပါလျှင် မိမာအိမ်ကိုလည်း သူတို့ရောက်ခဲ့ကြမှာသေချာသည်။

လူက ဖဲလည်းရှုံးထားသည့်အတွက် အမေ့လက်ထဲထည့်ပေးစရာ ငွေကလည်းမရှိပေ။ သည်အနေအထားဖြင့် အိမ်ပြန်ပါလျှင် အမေ့အပြောအဆိုများခံရမည်။ အခန့်မသင့်လျှင် ဆဲရေးတိုင်းထွာမှုများပါလာပြီး မခံချင်စိတ်ဖြင့် တုံ့ပြန်မိမည်။ မိမာတို့သားအမိ ပြဿနာတစ်ခါတက်လျှင် တော်တော်နှင့်မပြီး။ ဆူပူလွန်း၍ မကြာခဏအဆောင်ပြောင်း၊ အခန်းပြောင်းရတာလည်း များနေလေပြီ။ သည်ကြားထဲ အဖေက အရက်မူးနေပါလျှင် မိမာ အရိုက်ခံရမှာသေချာသည်မို့ အိမ်မပြန်သေးဘဲ သွားရမည့်နေရာကို စဉ်းစားနေမိသည်။

"ဒန်တွေဝယ်တယ်၊ ကြေးတွေဝယ်တယ်၊ ပုလင်းတွေဝယ်တယ်၊ သတ္တုတွေဝယ်တယ်"

တွန်းလှည်းလေးတွန်းရင်း ဖိုးသာအောင်က ဖြတ်ကျော်သွားသည်။ ခြေထောက်တစ်ဖက်က ဆတတဖြစ်နေပြီး လူကလမ်းလျှောက်တိုင်း လိမ်တွန့်နေသော ဖိုးသာအောင်မှာ အသက် ၂၀ ကျော်သာသာရှိသေးသည့် လေတစ်ခြမ်းဖြတ်ထားသူတစ်ယောက်ဖြစ်သည်။ သို့သော် ဝမ်းရေးအတွက် ရပ်ကွက်ထဲ အဝယ်တော်ထွက်၍ အသက်မွေးဝမ်းကျောင်းနေရသည်။ ဖိုးသာအောင်ကိုမြင်တိုင်း မိမာ စိတ်ရှုပ်မိသည်။

လူကသာ လေတစ်ခြမ်းဖြတ်ထားသူဆိုပေမဲ့ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်နေသည်။ လူကောင်း၊ လူမှန်တွေကိုမြင်လျှင် မိမာ အနေကျုံ့သည်။ မိမာက သူတို့လို ပင်ပင်ပန်းပန်းမှ အလုပ်မလုပ်ချင်တာလေ။ ပင်ပင်ပန်းပန်းမလုပ်ချင်ဘူးဆိုလို့ မိမာ ပညာတတ်လားဆိုပြန်တော့လည်း ရှစ်တန်းထိသာ ကျောင်းနေခဲ့ရသည်။ မိမာတို့မိသားစုက အရက်သမားဖခင်၊ လောင်းကစားသမား မိခင်၊ အစ်ကိုမောင်ဘွားတွေသာရှိသည်မို့ မိမာလည်း အသက်ဆယ့်လေးငါးနှစ်အရွယ်လောက်မှာ အပျိုဖြန်းလေးပေမဲ့ ဖဲဝိုင်းတွေမှာ ကြားထိုးတတ်နေခဲ့ပြီ။ ပင်ပင်ပန်းပန်း လုပ်ရသည့်အလုပ်များကို မိမာမကြိုက်။ လက်ထဲငွေမရှိပါလျှင် ဖဲဝိုင်းမှာ အပေါင်းအသင်းတွေနား အသာလေးကပ်ထိုင်၍ ရေပူရေချမ်းကမ်းလှမ်းနေပါက ဟိုလူပေး၊ သည်လူပေးနှင့် ဖဲအရင်းရသည်။ ရသည့်အရင်းဖြင့် ဖဲဝင်ရိုက်ရင်း ကံကောင်းပါက ဖဲနိုင်တတ်သေးသည်။

ထို့ကြောင့် ပင်ပင်ပန်းပန်းအလုပ်များ လုပ်ကိုင်စားဖို့ အတွေးလုံးဝမရှိတော့ပေ။ ယခုရက်ပိုင်း ဖဲရိုက်တိုင်း အရှုံးများနေသည်။ ဟိုချေး၊ သည်ချေးနှင့် လူလည်းအကြွေးပိနေပြီ။ လတ်တလော ငွေရဖို့ ဘယ်လိုလုပ်ရမလဲအကြံထုတ်ရင်း မလုပ်ဖြစ်တာကြာပြီဖြစ်သည့်အလုပ်တစ်ခုကို ပြန်လုပ်ရန်အကြံရ၍ ဆုံးဖြတ်ချက်ချကာ ကားမှတ်တိုင်ဆီ အသာကလေးလျှောက်လာလိုက်တော့သည်။

(၂)

ဆေးရုံမှတ်တိုင်ရောက်နေပြီမို့ လိုင်းကားပေါ်မှဆင်းလာလိုက်ရင်း ဆေးရုံရှိရာသို့ လျှောက်လာလိုက်သည်။ ဆေးရုံဝင်းထဲသို့ရောက်သောအခါ အတော်လေးပင် မှောင်ရီပျိုးနေလေပြီ။ မြို့သစ်ဖြစ်သည့်အတွက် ကိုယ်ပိုင်ကားများ၊ တက္ကစီများထက် သုံးဘီးဆိုက်တွဲများက ပို၍များပြားနေသည်။ ဖြတ်လျှောက်သွားသောလူတစ်ယောက်ကို နာရီလှမ်းမေးလိုက်ရာ ခုနစ်နာရီဟု သိရသည်။ ဗိုက်ကလည်း အတော်လေးဆာလောင်နေသည်မို့ ဆေးရုံဝင်းအတွင်းရှိ သက်သာဆိုင်တစ်ခုအတွင်းသို့ဝင်ထိုင်ရင်း မိမာလက်ထဲရှိသည့်ပိုက်ဆံဖြင့် လောက်ငနိုင်သောစားစရာကို မှာလိုက်သည်။

"နန်းကြီးသုပ် တစ်ပွဲပေးပါ။ ထမင်းဖြူလေး တစ်ပွဲပါပေးပါ"

လာချပေးသော နန်းကြီးသုပ်နှင့် ထမင်းဖြူကို အလျင်စလို စားလိုက်သည်။ မနက်ကတည်းက ထမင်းမစားရသေး၍ စားရသည်က ဝလင်သည်ဟု မခံစားရ။ သို့ပေမယ့် ထပ်မမှာတော့ဘဲ ရေနွေးနှစ်ခွက်ဆင့်သောက်လိုက်သည်။ ကျသင့်ငွေကို ရှင်းပြီးသည့်အခါ ဆေးရုံ၏လူနာဆောင်များဆီသို့ ဦးတည်၍ ဝင်သွားလိုက်တော့သည်။ ယခုရက်ပိုင်း ဝမ်းရောဂါများအဖြစ်များနေ၍ ဆေးရုံတွင် လူစည်ကားနေသည်။ လူနာဆောင်များကို တစ်ခန်းဝင်တစ်ခန်းထွက် လူရှာသလိုလိုပုံစံဖြင့် လိုက်ကြည့်သည်။ ည ရှစ်နာရီလောက်ရှိပြီမို့ အချို့သောလူနာများက ခုတင်ပေါ်တွင် စောင်ခြုံ၍ အိပ်နေကြပြီဖြစ်သလို အချို့လူနာနှင့် လူနာစောင့်များက ညစာစားနေကြသည်။ မိမာ မျက်လုံးများက ဘယ်ခုတင်မှာ လူအုံနေသည်။ ဘယ်ခုတင်မှာ လူရှင်း နေသည်ကအစလိုက်ကြည့်ရင်း အခြေအနေကို လေ့လာနေသည်။ ထိုသို့ကြည့်နေရင်း မိန်းမကြီးတစ်ယောက်က မသင်္ကာသလို သူ့ကို လှမ်းကြည့်နေသည်မို့ ပြုံးပြလိုက်ရင်း–

"မနက်က လေဖြတ်လို့ တက်လာတဲ့ အဘွားက ဘယ်အခန်းမှာလဲ မသိဘူး။ အဒေါ်သိလား"

"မသိပါဘူးအေ"

အဒေါ်ကြီး တစ်ဖက်လှည့်သွားသည်။

ထိုစဉ် ဆေးရုံဝန်ထမ်းတစ်ဦးက လူနာတစ်ဦးလျှင် လူနာစောင့်နှစ်ဦးသာ ကျန်နေရစ်ပြီး ဧည့်သည်များ အခန်းအတွင်းမှ ထွက်ခွာပေးရန်နှင့် လုံခြုံရေးအရ အဆောင်၏တံခါးမကြီးကို သော့ပိတ်တော့မည့် အကြောင်းကို လိုက်လံအော်ပြောနေသည်။

ထိုစဉ် လူနာတစ်ဦး အရေးပေါ်အခြေအနေ ရောဂါထဖောက်လာသည်မို့ လူနာရှင်များ ယောက်ယက်ခတ်ကုန်ကြသလို တာဝန်ကျသူနာပြုကို ပြေးခေါ်သူကခေါ်ကြမို့ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ အခြားခုတင်မှ လူနာစောင့်တချို့လည်း ထိုလူနာရှိရာ ခုတင်အနီး မလှမ်းမကမ်းကတစ်မျိုး၊ ခုတင်နှင့်အနီးဆုံးထိတစ်ဖုံ ဝိုင်းအုံကြည့်နေကြသည်။ အချိန်အားဖြင့် အခိုက်အတန့်လေးမျှသာ မိမာမျက်စိက ဝန်းကျင်ကိုလေ့လာပြီးသား မည့်သည့်လူနာခုတင်မှာ လူနာစောင့်လွတ်သွားတာ၊ ဘယ်လူနာအိပ်နေတာကအစ မိမာသိပြီးဖြစ်သည်။ ခဏနေလျှင် ဝန်ထမ်းများရောက်လာပြီး လူနာစောင့်မဟုတ်သော ပြင်ပလူများကို အပြင်ထွက်ပေးရန်နှင့် ရောဂါဖောက်နေသောလူနာအနီးမှ လူများကိုလည်း ရှင်းပေးရန် ပြောကြလိမ့်မည်။ မိမာ လုပ်စရာရှိသည့်အလုပ်ကို စက္ကန့်အနည်းငယ်အတွင်း လှုပ်ရှားလိုက်သည်။ ရောဂါဖောက်နေသော လူနာ၏ဘေးခုတင်မှ လက်လွတ်စပယ်တင်ထားသော ဖုန်းကို အသာလေးလှမ်းယူ၍ အဆောင်တွင်းမှ အသောကလေးပြန်ထွက်လာလိုက်သည်။

အပြင်ကိုရောက်သည်နှင့် အလစ်သုတ်လာသော ဖုန်းကို လေယာဉ်ပျံတင်လိုက်သည်။

ဖုန်းအမျိုးအစားလေးကလည်း ကောင်းနေသည်။ သူခိုးဈေးဖြင့်ရောင်းပါလျှင် အနည်းဆုံး တစ်သိန်းကျော်ရနိုင်မည်။ ဒေါ်ပြုံးအကြွေးကို မျက်နှာထားမာမာဖြင့် ပြန်ဆပ်နိုင်မည့်အပြင် ဖဲရိုက်ရန်အရင်းရလေပြီ။ စိတ်တို့က ပေါ့ပါးသွက်လက်စွာ ဆေးရုံဝင်းကြီးထဲမှအမြန်ထွက်ရန် ဂိတ်ပေါက်ရှိရာသို့ ခြေကုန်သုတ်ခြေတင်လာလိုက်တော့သည်။

(၃)

မိမာသည် သည်အလုပ်တွေကို လုပ်တတ်သည်။ မိမာတို့နေသည့်အဆောင်မှာပင် လစ်လျှင်လစ်သလို လုပ်သည်။ သူခိုးဈေး ဖုန်းဈေးကွက်က အသင့်ရှိနေ၍ ခိုးယူလာသောဖုန်းကို အလွယ်တကူ ငွေဖော်လို့ရသည်။ ကာလပေါက်ဈေးထက်တော့ ထက်ဝက်ခန့်ကွာဟသည်။ သို့ပေမဲ့ အလကားရလာသည့်ပစ္စည်းများဖြစ်၍ ဈေးအနှိမ်ခံရလည်း ကျေကျေနပ်နပ်ရောင်းကြသည်။ သည်အလုပ်တွေကိုမလုပ်ဖြစ်တာ အတော်လေးပင်ကြာခဲ့ပြီ။ စိတ်ကောင်းဝင်၍ မလုပ်ဘဲနေခြင်းမဟုတ်။ မိမာလုပ်တတ်သည်ကို လူသိမခံလို၍ ခေတ္တခဏငြိမ်နေခြင်းသာဖြစ်သည်။

စာမျက်နှာ ၂၅ သို့ ➤

# ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၇၀၇၆ ဧက စိုက်ပျိုးပြီးစီး



**ငပုတော စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၇၀၇၆ ဧက စိုက်ပျိုးပြီးစီးဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးလျာထား ၄၇၀၇၆ ဧကကို ဇူလိုင်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာယနေ့တွင် လျာထားဧကအားလုံးရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမိုးစပါးများ လျာထားချက်အတိုင်း အခက်အခဲမရှိစနစ်တကျ စိုက်ပျိုးနိုင်ရန် စပါးစိုက်ပျိုးရေး နည်းပညာများနှင့် စပါးများတွင် ကျရောက် ဖျက်ဆီးလေ့ရှိသည့် ရွှေခရုကာကွယ်ရေး နည်းပညာများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့အနေနဲ့ အခုနှစ် စပါးကို ၄၇၀၇၆ ဧကထိ လျာထား စိုက်ပျိုးခဲ့ပါတယ်။ ဒေသခံတောင်သူတွေ စပါးကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့နဲ့ စိုက်ပျိုးမဲ့စပါးတွေ ပိုးမွှားရောဂါကင်းရှင်းဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဟိုင်းကြီးကျွန်းမြို့မှာ နွေစပါးနဲ့မိုးစပါး စိုက်ပျိုးရာမှာ မိုးစပါးကိုသာ အဓိကထား စိုက်ပျိုးကြပါတယ်။ လက်ရှိ မိုးစပါး လျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးဖြစ်ပါတယ်။ အခုနှစ် မိုးစပါးတွေကို ဒေသနဲ့ ကိုက်ညီပြီး အထွက်နှုန်းကောင်း စပါးအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဘုတ်ပြင်းမြို့နယ် အေးချမ်းမြိုင်(၁)ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဘုတ်ပြင်း စက်တင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးချမ်းမြိုင်(၁)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက RBF စီမံကိန်းကော်မတီဝင်များနှင့်အတူ အေးချမ်းမြိုင်(၁)ကျေးရွာ၌ သဇင်အဖွဲ့နှင့် ခရေအဖွဲ့တို့က RBF စီမံကိန်းရန်ပုံငွေများဖြင့် ဝက်မြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘုတ်ပြင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးရရှိပြီး အဆိုပါလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**အိပိုးပိုး**

➤ စာမျက်နှာ ၂၄ မှအဆက်

အဆုံးစွန်ပြောရပါလျှင် အိမ်ကမိသားစုဝင်များပင် မိမာမှာ ဤသန္ဓေရှိနေသည်ကို မသိရှိကြပေ။ မိမာလက်ထဲ ငွေရှင်နေလျှင် ဖဲနိုင်ထားသည်ဟု ထင်ကြသည်။ အမေ့လက်ထဲ မိမာ စားစရိတ်သဘောမျိုး ငွေပေးနိုင်လျှင် အမေက ကျေနပ်သည်။ ဘယ်ကရလာသည့်ပိုက်ဆံတွေလဲဟု မည်သည့်အခါမှ မမေးပေ။

အဖေဖြစ်သူက အရက်သောက်နေရလျှင် ကျေနပ်သလို အမေဖြစ်သူကလည်း နှစ်လုံးထိုးနေရလျှင် ကျေနပ်နေသည်။ လူလွတ်အစ်ကိုဖြစ်သူက ရပ်ကွက်ထဲ မည်သို့မည်ပုံချမ်းသာလာမှန်းပင်မသိသော ဦးလှသောင်း၏ လူယုံတော်လိုလို၊ ကိုယ်ရံတော်လိုလို နေရသည်။ တကယ်တမ်းမှာဖြင့် ရပ်ကွက်လူမိုက်တစ်ဦးသာဖြစ်သည်။ ထိုအစ်ကို၏ပေးကမ်းမှုဖြင့်သာ မိမာတို့ အခန်းခပေး၊ နေ့စဉ်စားသောက်မှုကို ဖြေရှင်းနေခြင်းဖြစ်သည်။ ရပ်ကွက်ထဲက လူတချို့က မိမာတို့မိသားစုကို တီးတိုးဝေဖန်ကဲ့ရဲ့ကြသည်။ ပရမ်းပတာမိသားစုဆိုပြီး ကွယ်ရာမှာ ခေါ်ဆိုကြသည်။

ထိုအခြေအနေတွေကို မိမာတို့ ဂရုမစိုက်ကြပေ။ လုပ်ချင်ရာများ လုပ်ပြီး နေသာသလိုနေရသည်ကို ကျေနပ်နေမိသည်။ ဖိုးသာအောင်လို လေတစ်ခြမ်းဖြတ်နေသည့်သူတောင် ဝမ်းစာအတွက် ရှုန်းကန်နေရသည်။

မိမာတို့ မိသားစုကတော့ ဆင်းရဲပေမဲ့ လုပ်ချင်ရာလုပ်ပြီး အပူပင်မဲ့သည်။ ဟောကြည့် အပူလေးတစ်ခုရှိလာတော့ မိမာတတ်သည့်အတတ်ပညာဖြင့် ဖြေရှင်းလိုက်လေပြီ။ မိမာအတွေးတချို့ဖြင့် သဘောကျရင်းဆက်လျှောက်လာခဲ့ရာ ဂိတ်ဝသို့ ရောက်လာတော့သည်။

"ဟေ့ ခဏရပ်ဦး မင်းကို စစ်ဆေးစရာရှိတယ်"

ဂိတ်စောင့်ဝန်ထမ်းက မိမာကို တားမြစ်လိုက်သည်။ ခဏချင်းမှာပင် ယူနီဖောင်းအပြည့်အစုံဖြင့် ရဲဝန်ထမ်းနှစ်ဦး ရောက်လာသည်။ မိမာလက်ထဲတွင်ရှိနေသောဖုန်းကို စစ်ဆေးကြရာ ခိုးယူလာသောဖုန်းဖြစ်ကြောင်း သိရှိသွားကြသည်။ မိမာ အဖမ်းခံလိုက်ရသည်။

"နင်တို့တွေ လုပ်သင့်လား၊ မလုပ်သင့်လား မခွဲခြားတော့ဘူး။ လစ်ရင်လစ်သလို ခိုးနေတော့တာပဲ။ နင် အခု ဖုန်းခိုးလာတဲ့ မိသားစုဝင်တွေက ဒီကို သောကနဲ့ရောက်လာကြသူတွေ။ နင်တို့ဆီမှာ ကိုယ်ချင်းစာတရားမရှိကြတာလား။ လူလိုမသိကြတာလား။ အေး အခုတော့ ဥပဒေရဲ့အဆုံးအမကို ခံယူပေတော့"ဟု ရဲဝန်ထမ်းတစ်ဦးက ပြောသည်။

မိမာသည် သည်တစ်ကြိမ်မှာတော့ မအောင်မြင်ဘဲ ရှုံးနိမ့်ခဲ့ရလေပြီ။ မိမာ ကျူးလွန်သည့်အပြစ်အတွက် ထောင်နန်းစံရတော့မည်။ မိမာကြောက်ရွံ့တုန်လှုပ်မိသည်။ မိမာ အိမ်ပြန်မလာပါလျှင် အမေတို့က လိုက်ရှာလိမ့်မည်မထင်ပေ။ မိမာ နယ်ကျွံပြီး ဖဲသွားရိုက်နေသည်ဟုသာ ထင်ကြလိမ့်မည်။ ကိုယ်ချင်းစာတရားဟု ခုနက ရဲဝန်ထမ်းကြီးက ပြောသည်။

တကယ်တမ်းမှာဖြင့် မိမာ ကြီးပြင်းရသည့်အသိုင်းအဝိုင်းသည် မေတ္တာတရား၊ ကိုယ်ချင်းစာတရားဆိုတာကိုပင် မည်သည့်အရာဟု နားလည်အောင်သင်ကြားမပေးနိုင်သော အလေ့ကျဝန်းကျင်တစ်ခုသာဖြစ်သည်။ မိမာတစ်ယောက် ဥပဒေ၏အဆုံးအမကိုခံယူပြီး လွတ်မြောက်လာခဲ့ပါလျှင် ကိုယ်ချင်းစာနာတတ်မှုနှင့် မေတ္တာတရားတို့ကို နားလည်လာနိုင်မည်လော။ အခုသေချာသည်က မိမာ ဥပဒေ၏အဆုံးအမကိုခံယူရန်သာ ဖြစ်ပါတော့သည်။

## စာတတ်စာဖတ် အကျိုးမြတ်မည်

- စာပေဆိုတာ
  ပညာအသိ လိမ္မာရှိသည့်
  ပီဘိဘဏ်တိုက် အဖိုးထိုက်၍
  လိုက်စားလေ့လာ မှတ်သားရာ၏။

- စာပေမတတ် အသိငတ်က
  အရပ်ရပ်မှာ မှောက်မှားပါ၍
  ဗာလမှောင်တိုက် နစ်မြုပ်ဆိုက်မည်
  စရိုက်ဆိုးနယ် ဝဲချာလည်၏။

- နယ်ချဲ့လက်အောက် ကျရောက်ခဲ့စဉ်
  သိမြင်နိမ့်ကျ နည်းသုတကြောင့်
  ဘဝရှောင်ဆင်း မထွန်းလင်းဘဲ
  အခင်းကြီးငယ် နားမလည်ခဲ့။

- စာတတ်သည့်ခါ အရာရာ၌
  တိုင်းထွာနိုင်းရှိ ပညာသိဖြင့်
  စွမ်းဘိသလောက် ထိပ်ဆုံးရောက်အောင်
  ထိုးဖောက်ပိုင်ပိုင် အောင်မြင်နိုင်၏။

- ယနေ့ခေတ်ပုံ စာတတ်ရုံနှင့်
  လုံးစုံအတတ် မပြီးပြတ်တော့
  ထပ်ထပ်ပညာ တိုးဖို့ရာကို
  စာပေမပြတ် အမြဲဖတ်မှ
  တတ်အပ်တတ်ရာ ခေတ်ပညာဖြင့်
  ပြည်ရွာအကျိုး ကိုယ့်အကျိုးကို
  သယ်ပိုးနိုင်ကာ တိုးတက်ပါမည်
  တို့တာအားလုံး ကျေမည်တည်း။ ။

**ညွန့်ဝင်း(နတ်တလင်း)**

(နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုလျက်)

# ပုဗ္ဗသီရိမြို့နယ် ညောင်ကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် စက်တင်ဘာ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖြုတ်ခွဲကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၂၄၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို ရန်ပုံငွေကျပ် သိန်း ၂၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

# ၂၀၂၅ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်လာသော ဂျပန်



ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၅ ခုနှစ်ဧပြီလတွင်စတင်မည့် ဘဏ္ဍာနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၅၉ ဘီလီယံနှင့်ညီမျှသည့် ယန်း ၈ ဒသမ ၅၄ ထရီလီယံကို ၂၀၂၄ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် တောင်းခံခဲ့သည်။ ၎င်းပမာဏသည် တောင်းခံခဲ့သည့် ကာကွယ်ရေးအသုံးစရိတ်များအနက် အများဆုံးပမာဏဖြစ်သည်။ အကြောင်းမူကား ဂျပန်နိုင်ငံအနေဖြင့် တရုတ်၊ မြောက်ကိုရီးယားနှင့် ရုရှားတို့၏ မြင့်တက်လာသော စစ်ရေးဆိုင်ရာခြိမ်းခြောက်မှုများကို တုံ့ပြန်ရေး ကြိုးပမ်းနေသောကြောင့်ပင်ဖြစ်သည်။

တောင်းခံထားသော ကာကွယ်ရေးအသုံးစရိတ်သည် လက်ရှိဘဏ္ဍာနှစ်ထက် ၇ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။ ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်တောင်းခံမှုသည် ၂၀၁၂ ခုနှစ်တွင် အာဏာပြန်လည်ရရှိခဲ့သည့် ဝန်ကြီးချုပ်ဟောင်းရှင်ဇိုအာဘေးလက်ထက်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး ၎င်းသည် မြောက်ကိုရီးယားနှင့်တရုတ်နိုင်ငံတို့အပေါ်တွင် တင်းမာသောရပ်တည်ချက်ရှိခဲ့သည်။ ရှင်ဇိုအာဘေးကဲ့သို့ပင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ(LDP)ဝင်ဖြစ်သော လက်ရှိဝန်ကြီးချုပ်ဖူမီယိုကီရှီဒါအနေဖြင့်လည်း လာမည့်ငါးနှစ်အတွင်း ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းဆောင်ရည်များမြှင့်တင်သွားမည်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ်တွင် အခိုင်အမာကတိကဝတ်ပြုထားခဲ့သည်။

ကာကွယ်ရေးအသုံးစရိတ်တောင်းခံမှုကို ဒီဇင်ဘာလနှောင်းပိုင်းတွင် အတည်ပြုဆုံးဖြတ်ချက်မချမှတ်သေးမီ လေ့လာသုံးသပ်မှုများလုပ်ဆောင်နိုင်ရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့သွားမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်သည် ပမာဏအများဆုံးဖြစ်နိုင်သည်။ လွန်ခဲ့သောနှစ်နှစ်ကအတိုင်းပင် ကာကွယ်ရေးအသုံးစရိတ်စီမံကိန်းသည် ဂျပန်နိုင်ငံ၏ကာကွယ်ရေးစွမ်းဆောင်ရည်များ တောင့်တင်းခိုင်မာရေးအတွက် ပြုပြင်ပြောင်းလဲဖော်ဆောင်မှုများလုပ်ဆောင်ရန်လိုအပ်သည့် အဓိကကျသော ကဏ္ဍခုနစ်ခုကို တင်ပြထားရှိသည်။

အဆိုပါကဏ္ဍခုနစ်ခုမှာ တာဝေးပစ်ဒုံးကျည်များထုတ်လုပ်ခြင်းကဲ့သို့သော တာဝေးကာကွယ်ရေးစွမ်းဆောင်ရည်များတည်ဆောက်ခြင်း၊ ဒုံးကျည်အမျိုးမျိုးကိုရင်ဆိုင်နိုင်မည့် ပြီးပြည့်စုံသောဝေဟင်နှင့် လေကြောင်းရန်ကာကွယ်ရေးစွမ်းဆောင်ရည်များတည်ဆောက်ခြင်း၊ ဒရုန်းများအသုံးပြုခြင်းကဲ့သို့သော မောင်းသူမဲ့ကာကွယ်ရေးစွမ်းဆောင်ရည်များတည်ဆောက်ခြင်း၊ အာကာသ၊ ဆိုက်ဘာနယ်ပယ်တွင် အပြန်အလှန်ချိတ်ဆက်နိုင်သော စွမ်းဆောင်ရည်များတည်ဆောက်ခြင်း၊ ကွပ်ကဲမှု၊ ထိန်းချုပ်မှုနှင့်သတင်းအချက်အလက်နှင့် ဆက်စပ်သော စွမ်းဆောင်ရည်များတည်ဆောက်ခြင်း၊ ပဋိပက္ခဖြစ်ပွားရာနေရာသို့တပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ထောက်ပံ့မှုပစ္စည်းများ လှုပ်ရှားစစ်ကစားနိုင်မှုနှင့် ရွှေ့ပြောင်းနိုင်မှုစွမ်းဆောင်ရည်များတည်ဆောက်ခြင်းနှင့် ရေရှည်တိုးတက်မှုနှင့် ကြံ့ကြံ့ခံနိုင်မှုစွမ်းဆောင်ရည်များ တည်ဆောက်ခြင်းတို့ဖြစ်သည်။

ပထမဆုံးကဏ္ဍအနေဖြင့် ဂျပန်ကာကွယ်ဝန်ကြီးဌာနသည် ရန်သူ့အခြေစိုက်စခန်းများကိုချေမှုန်းနိုင်စွမ်းရှိသည့် တာဝေးပစ်ဒုံးကျည်များတည်ဆောက်သွားရန်နှင့် ဝယ်ယူရေးတို့အတွက် အမေရိကန်ဒေါ်လာ၆ ဒသမ ၆၁၅ ဘီလီယံတောင်းခံထားရှိသည်။ အမျိုးသားလုံခြုံရေးမဟာဗျူဟာအသစ်တွင် ပါရှိသည့်အတိုင်း တာဝေးပစ်စွမ်းဆောင်ရည်များ ဆက်လက်ဝယ်ယူသွားမည်ဖြစ်သည်။

အထူးသဖြင့် ကာကွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံပြင်ပမှရန်လိုသောတပ်ဖွဲ့များကို ချေမှုန်းနိုင်ရေးအတွက် ထောက်လှမ်းခြေရာခံနိုင်သည့် စွမ်းဆောင်ရည်များပိုင်ဆိုင်နိုင်ရေး ဂြိုဟ်တုအသေးစားများတည်ဆောက်ရန်အတွက်အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၀၄ ဘီလီယံတောင်းခံထားရှိသည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် ရေငုပ်သင်္ဘော၏ တော်ပီဒိုပစ်ခတ်သည့်ပြွန်မှ ပစ်ခတ်နိုင်သော တာဝေးပစ်ခရုဇ်ဒုံးကျည်ဖြစ်သည့် ရေငုပ်သင်္ဘောတင်ဒုံးကျည်အသစ် တည်ဆောက်ရန်အတွက်လည်း အမေရိကန်ဒေါ်လာ ၂၀ ဒသမ၄၆ သန်းတောင်းခံထားရှိသည်။ မစ်ဆူဘီရှီအကြီးစားစက်မှုလုပ်ငန်းများသည် ၂၀၂၇ ခုနှစ်တွင် ၎င်းဒုံးကျည်ကို အပြီးသတ်တည်ဆောက်သွားရန် မျှော်မှန်းထားရှိသည်။ ၎င်းဒုံးကျည်ကို ဂျပန်ပင်လယ်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့(JMSDF)က အသစ်တည်ဆောက်ထားသော Taigei အမျိုးအစားရေငုပ်သင်္ဘောများ၌ တပ်ဆင်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ရှင်းလင်းပြောကြားခဲ့သည်။

ဒုတိယကဏ္ဍနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနသည် တိုင်းပြည်၏ပေါင်းစပ်လေကြောင်းနှင့်ဒုံးကျည်ကာကွယ်ရေး (IAMD)စွမ်းဆောင်ရည် တောင့်တင်းခိုင်မာရေးအတွက် အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၆၉ သန်းတောင်းခံသွားမည်ဖြစ်သည်။ တရုတ်၊ မြောက်ကိုရီးယားနှင့်ရုရှားတို့၏မြင့်တက်လာသောလေကြောင်းချိမ်းခြောက်မှုတို့ကို တုံ့ပြန်နိုင်ရန် IAMD စနစ်တစ်ခုကို အမေရိကန်က တပ်ဖြန့်ချထားပြီးဖြစ်သည်။

စတုတ္ထကဏ္ဍနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနသည် အာကာသနယ်ပယ်တွင် ကာကွယ်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရေးအတွက် ၂၀၂၇ ခုနှစ်တွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ်ဖွဲ့ကို ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ်နှင့် အာကာသတပ်ဖွဲ့အဖြစ် ပြန်လည်အမည်ပြောင်းသွားမည့်စီမံကိန်းများကို တုံ့ပြန်သောအားဖြင့် လက်ရှိအာကာသစစ်ဆင်ရေးအဖွဲ့ကို အာကာသစစ်ဆင်ရေးအုပ်ဖွဲ့အဖြစ် အမည်ပြောင်းလဲသွားရန် ပြင်ဆင်လျက်ရှိသည်။

သတ္တမကဏ္ဍနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနသည် Type 23 အမျိုးအစားရေယာဉ်မှ ဝေဟင်ပစ်ဒုံးကျည်နှင့် AIM-120 နှင့် AAM-4B အမျိုးအစားတာလတ်ပစ်ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များကဲ့သို့သောခဲယမ်းနှင့် ဒုံးကျည်များဝယ်ယူရန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၃၄ ဘီလီယံတောင်းခံထားသည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် လက်ရှိဘဏ္ဍာနှစ်၌လည်း အလားတူဒုံးကျည်များဝယ်ယူရန် အမေရိကန်ဒေါ်လာ ၆ ဒသမ ၃ ဘီလီယံတောင်းခံခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ စစ်လက်နက်ပစ္စည်းဝယ်ယူမှု၊ နည်းပညာနှင့်အုပ်ချုပ်ထောက်ပံ့မှုအေဂျင်စီ(ATLA)သည် ဗြိတိန်၊ အီတလီတို့နှင့်မိတ်ဖက်တည်ဆောက်သွားမည့် မျိုးဆက်သစ်တိုက်လေယာဉ်အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၇၆၈ ဒသမ ၅၀ သန်းတောင်းခံသွားမည်ဖြစ်သည်။ ၎င်းအစီအစဉ်တွင် မျိုးဆက်သစ်တိုက်လေယာဉ်၏ အခြေခံကိုယ်ထည်ဒီဇိုင်းနှင့် အင်ဂျင်ပိုင်းဆိုင်ရာအသေးစိတ်အင်ဂျင်နီယာလုပ်ငန်းများပါရှိမည်ဖြစ်သည်။

ATLA သည် မျိုးဆက်သစ်တိုက်လေယာဉ်တွင် တပ်ဆင်မည့် တာလတ်ပစ်ဝေဟင်မှဝေဟင်ပစ်ပဲ့ထိန်းဒုံးကျည်သစ်ကို ပြည်တွင်း၌သုတေသနပြုတည်ဆောက်သွားရန်အတွက်လည်း အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၂၃ သန်းကို တောင်းခံထားရှိသည်။ ၎င်းမျိုးဆက်သစ်တိုက်လေယာဉ်သည် ဂျပန်ကိုယ်ပိုင်လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့၏ F2 တိုက်လေယာဉ်နေရာတွင် ဆက်ခံတာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် လော့ခ်ဟိဒ်မာတင်ထုတ် F-35A Lightning II ပူးတွဲတိုက်လေယာဉ် ရှစ်စင်းထပ်မံဝယ်ယူရန်အတွက် အမေရိကန်ဒေါ်လာ ၈၅၁ ဒသမ ၆၆၁ သန်းနှင့် F-35B Lightning ဘက်စုံသုံး တိုက်လေယာဉ်သုံးစင်း ထပ်မံဝယ်ယူရန်အတွက် အမေရိကန်ဒေါ်လာ ၄၁၄ ဒသမ ၅၉၆ သန်း တောင်းခံထားရှိသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် တိုကျိုမြို့တွင် New FFM ဟုခေါ်ဆိုသည့် ဘက်စုံသုံးဖရီးဂိတ်သုံးစီးတည်ဆောက်ရန်အတွက်လည်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၄၁ ဘီလီယံတောင်းခံခဲ့သည်။ စစ်ရေယာဉ်အသစ်များသည် ဂျပန်ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ Mogami အမျိုးအစားဘက်စုံသုံး ဖရီးဂိတ်များကို အဆင့်မြှင့်တင်တည်ဆောက်ထားခြင်းဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် Aegis စနစ်တပ်ဆင်ထားရှိသောစစ်ရေယာဉ်နှစ်စီး တည်ဆောက်ရန်အမေရိကန်ဒေါ်လာ ၅၅၀ ဒသမ ၉ သန်းတောင်းခံထားရှိသည်။ အထူးသဖြင့် ကုန်ကျစရိတ်များသည် သရုပ်ပြစမ်းသပ်မှုများအပါအဝင် အမျိုးမျိုးသောစမ်းသပ်မှုများအတွက် ကြိုတင်ပြင်ဆင်မှုများနှင့်စပ်လျဉ်းသော ကုန်ကျစရိတ်များလည်းပါရှိသည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် JS Izumo ဟုခေါ်ဆိုသည့် Izumo အမျိုးအစားရဟတ်ယာဉ်တင်သင်္ဘောကို လော့ခ်ဟိဒ်မာတင်က တည်ဆောက်ထားသည့် F-35B တိုက်လေယာဉ်တင် စွမ်းဆောင်ရည်များထမ်းဆောင်နိုင်သည့် လေယာဉ်တင်သင်္ဘောအဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားရန်အတွက်လည်းအမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၇၂ သန်းတောင်းခံထားရှိသည်။

အထူးသဖြင့် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် JS Izumoအတွက် စွမ်းအင်ထိန်းချုပ်မှုနှင့်ထိန်းချုပ်ခုံတို့တည်ဆောက်ရန် ရန်ပုံငွေများတောင်းခံခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် JS Izumo ၏လေယာဉ်ကုန်းပတ်ကို စတုဂံပုံစံမှ စတုရန်းပုံစံပြင်ဆင်တည်ဆောက်ခဲ့သည်။ JS Kagaကိုလည်း ၂၀၂၃ ခုနှစ်တွင် အလားတူအဆင့်မြှင့်တင်တည်ဆောက်မှုများလုပ်ဆောင်ခဲ့သည်။ JS Izumo ၏အဆင့်မြှင့်တင်တည်ဆောက်မှုအစီအစဉ်သည် ၂၀၂၇ ခုနှစ်တွင်လည်းကောင်း၊ JS Kaga ၏ အဆင့်မြှင့်တင်တည်ဆောက်မှုအစီအစဉ်သည် ၂၀၂၈ ခုနှစ်တွင်လည်းကောင်း အပြီးသတ်မည်ဖြစ်ကြောင်းကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသွားခဲ့သည်။

ထိုအတောအတွင်း ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးမြေပြင်တပ်ဖွဲ့(JGSDF) သည် ဂျပန်နိုင်ငံ၏ဘေးပတ်ဝန်းကျင်နေရာများ၊ အထူးသဖြင့် Nansei ကျွန်းစုများတွင် အရေးပေါ်အခြေအနေများတုံ့ပြန်ရန်အတွက် လုံခြုံရေးဆိုင်ရာကြိုးပမ်းမှုများ ပိုမိုခိုင်မာအားကောင်းလာစေရန်ကြိုးပမ်းလျက်ရှိသည်။ JGSDF သည် ကင်းထောက်ခြင်းနှင့် တိုက်ခိုက်ရေးတို့အတွက် ပထမဆုံးအကြိမ်အနေဖြင့် နည်းဗျူဟာမြောက်ဘီးတပ်ယာဉ် ခြောက်စီးဝယ်ယူရန် အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၃၆၁ သန်းတောင်းခံခဲ့သည်။

ဆိုရလျှင် ဒုတိယကမ္ဘာစစ်ပွဲတွင် စစ်ရှုံးခဲ့သော ဂျပန်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်အင်အားတိုးချဲ့မှု၊ ခေတ်မီစစ်လက်နက်ပစ္စည်းများ တိုးမြှင့်တည်ဆောက်မှုနှင့် ပြည်ပတွင်တပ်ဖွဲ့ဝင်များတပ်ဖြန့်ချထားမှုတို့ကို ကန့်သတ်ထားရှိခဲ့သည်။ သို့သော် ဂျပန်နိုင်ငံသည် တိုင်းပြည်ပတ်ဝန်းကျင်တွင် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများ မြင့်တက်လာသဖြင့် ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်တောင်းခံလာခဲ့သည်။ အထူးသဖြင့်တိုင်းပြည်အတွင်း ခေတ်မီစစ်လက်နက်များ သုတေသနပြုထုတ်လုပ်သွားရန်အပြင် ပြည်ပမှလည်း ခေတ်မီလက်နက်များဝယ်ယူဖြည့်တင်းရေးအတွက် ကြိုးပမ်းလာလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

**– Japan's Defense Ministry Requests Largest Ever Budget for Fiscal Year 2025 by The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

# ရွှေသောင်ယံကမ်းခြေသို့ ဩဂုတ်လအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်ဦးရေ ၁၀၉၇၆ ထိ လာရောက်လည်ပတ်



**ပုသိမ် စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ဩဂုတ်လအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၁၀၉၇၆ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရွှေသောင်မြို့ရှိ ရွှေယံကမ်းခြေသို့ ဇူလိုင်လအတွင်းက ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၁၇၀၁၁ ဦးထိ လာရောက်လည်ပတ်ခဲ့ပြီး ဩဂုတ်လအတွင်းက ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်ဦးရေ ၁၀၉၇၆ ဦးထိ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ရွှေသောင်ယံကမ်းခြေကို ရုံးပိတ်ရက်တွေအပါအဝင် ပြီးခဲ့တဲ့တစ်လအတွင်း ခရီးသွားဧည့်သည် ၁၀၀၀၀ ကျော်ထိ လာရောက်လည်ပတ်ခဲ့တာပါ။ မိုးရာသီဖြစ်ပေမဲ့ ခရီးသွားတွေ မပြတ်ဆိုသလို လာရောက်လည်ပတ်ခဲ့တာပါ။ ရွှေသောင်ယံကမ်းခြေကို လာမဲ့သီတင်းကျွတ်အချိန်မှာ ခရီးသွားတွေပိုမို လာရောက်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ကမ်းခြေကိုလာတဲ့ ဧည့်သည်တွေများတော့ ဟိုတယ်တွေနဲ့အခြား ကမ်းခြေကလုပ်ငန်းတွေ ပိုမိုအဆင်ပြေတာတွေ့ရပါတယ်"ဟု ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားများ အစစအရာရာ အဆင်ပြေစေရန် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားဧည့်သည်များ၊ဒေသခံများပေါင်းစပ်ဆောင်ရွက်ပေးနေကြောင်း၊ အဆိုပါကမ်းခြေတွင် ရွှေသောင်ယံဟိုတယ်နှင့် Lai Lai ဟိုတယ်တို့အပါအဝင် ဟိုတယ်နှင့်တည်းခိုခန်းအလုံးရေ စုစုပေါင်း ၂၀ကျော်ဖြင့် ခရီးသွားများကို ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဇလွန်မြို့နယ် အဗျဉ်းရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**ဇလွန် စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဗျဉ်းကျေးရွာအုပ်စု အဗျဉ်းရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၆ ရက်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက်က အဗျဉ်းရွာမကျေးရွာ၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ လုပ်ကိုင်လာနိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို ထုတ်ချေးပေးသွားမည်ဖြစ်၍ ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူကာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **မောင်ခိုင်**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်းဧက ၁၁၅၂၀ စိုက်ပျိုးပြီးစီး

**မုံရွာ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်းဧက ၁၁၅၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်းဧက ၁၁၄၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၁၅၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မိုးနှမ်းဧက ၁၁၄၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၅၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိမှာတော့ မိုးနှမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးနှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAPစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများကို တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)



# သရက်မြို့နယ် ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သရက် စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ပျဉ်ထောင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာ၌ အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ငွေကျပ်သိန်း၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ် ၁၆၅ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် ဩဂုတ် ၁၃ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ရွာသစ်ကျေးရွာရှိ အိမ်ခြေ ၁၅၀၊ လူဦးရေ ၅၅၀ တို့ ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေလွယ်ကူပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **ဆက်လူ**

# မိုင်းဖြတ်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အုတ်ရိုက်နည်းသင်တန်းဖွင့်လှစ်

**မိုင်းဖြတ် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်၊ ဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ လုပ်ကိုင်လာနိုင်စေရန်၊ လုပ်ငန်းစွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျွမ်းကျင်လုပ်သားများပေါ်ပေါက်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အုတ်ရိုက်နည်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါရုံးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတွင်ပို့ချမည့်ဘာသာရပ်များနှင့် သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော တာဝန်ရှိသူများက သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများ အသီးသီးပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး စာတွေ့လက်တွေ့ဖြင့် ရက် ၂၀ ကြာ အခမဲ့သင်ကြားပို့ချလျက်ရှိကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

**ဇင်မာ**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# သင်ယူမှုအတွက် အချိန်ပေးပါ

**ထက်အောင်လူ(နံ့သာမြေ)**

❖ သင်ယူမှုအတွက် အချိန်ပေးမှသာ လုပ်ငန်းကျွမ်းကျင်နှံ့စပ်သူ၊ အလုပ်ကိုပိုင်နိုင်သူဟူ၍ ဖြစ်နိုင်ပေသည်။ သင်ယူမှုဟူသည် မိမိထံမှ ရှိပြီးသော အသိဉာဏ်ပညာတို့ လျှော့ပါးသွားခြင်းမဟုတ်ဘဲ ထိုအသိဉာဏ်ပညာတို့ကို ထပ်မံဖြည့်စွမ်းဖြည့်စွက်ပေးသောအရာသာဖြစ်ပေသည်။ သင်ယူရန် ပျင်းရိမှု၊ ဆင်ခြေပေးမှုတို့ကို ရှောင်ရှားကြရပေမည်။ လူတစ်ယောက်ထံက အသိပညာအတတ်ပညာတို့ သင်ယူလိုက်ပါ။ လူတစ်ရာကို ဆရာပြန်လုပ်နိုင်သည်။ ထိုသို့ ပညာသင်ယူချိန်တွင် မသင်ယူခဲ့ပါလျှင် လူတစ်ရာမဆိုထားနှင့် လူတစ်ယောက်ကိုပင် ဆရာလုပ်နိုင်မည်မဟုတ်ပေ။ ❖

လောကသဘာဝတရားအရ ပဲမှ ပဲပင်ပေါက်ရရန် ခုနစ်ရက်စောင့်ရသကဲ့သို့ ဆန်စပါးရရှိရန် လေးလခန့်ကြာ ထွန်ရေး၊ ထယ်ရေးညက်အောင် ပြုလုပ်ခြင်း၊ ပျိုးနုတ်၊ ကောက်စိုက်၊ ရေသွင်း၊ ပေါင်းသင်ခြင်းတို့ အဆင့်ဆင့်ပြုလုပ်ရပေသည်။ ထို့အတူ အောင်မြင်မှုသရဖူကို ဆွတ်ခူးနိုင်ရန်မှာ ရင်းနှီးမြှုပ်နှံမှု၊ သင်ယူလေ့လာမှုပြုလုပ်ကြရပေသည်။ လိုချင်လျှင် လုပ်မှရသည်မှာ သဘာဝပင်။ ဆရာကြီးအောင်သင်းကမူ "ကိုယ့်ကိုယ်ကိုယ် လုပ်အားသွင်းရင်သွင်းသလောက် တန်ဖိုးတက်လာတာမို့ လုပ်အားသွင်းကြစမ်းပါ"ဟု ပြောကြားလေ့ရှိသည်။ ဆရာကြီးသည်ပင် ထောင်အတွင်း၌ အင်္ဂလိပ်စာကို သင်ယူမှုပြုလုပ်ခဲ့ကြောင်း အားလုံးသိရှိကြပေမည်။ အရာရာသည် ပြောရုံနှင့်မလုံလောက် လက်တွေ့လုပ်ဆောင်ပါမှ အကျိုးထူးကိုရရှိ၏။ သိခြင်းနှင့်မသိခြင်းကြားတွင် အသိဉာဏ်ပညာဟူသော အလွှာလေးသာခြားသကဲ့သို့ တတ်ခြင်းနှင့် မတတ်ခြင်းကြားတွင်လည်း သင်ယူမှုအတွက် အချိန်ပေးရင်းနှီးမြှုပ်နှံမှုတစ်ခုကွာခြားပေသည်။

ရှေးအခါက မင်းမှုထမ်းယောကျ်ားတို့သည် ယောကျ်ားတို့တပ်အပ်သည့် ပညာ ၁၈ ရပ်ကို လေ့လာသင်ယူရသည်။ ထိုပညာတို့ ရရှိနိုင်ရန် တိုင်းတစ်ပါးထိ သွားရောက်ကာ ဒိသာပါမောက္ခတို့ထံ ကျိုးနှံ့စွာဆည်းပူးကြရ၏။ သို့မှသာ အတတ်ပညာပိုင်းဆိုင်ရာ ပြည့်ဝသူဖြစ်ပေ၏။ ယနေ့ခေတ်တွင်လည်း မိမိတို့ဘဝ ကြီးမြင့်မှု အဆင့်ရောက်ရန် အတတ်ပညာကို သင်ယူကြရမည်။ သင်ယူမှုအတွက် အချိန်ပေးမှသာ လုပ်ငန်းကျွမ်းကျင် နှံ့စပ်သူ၊ အလုပ်ကိုပိုင်နိုင်သူဟူ၍ ဖြစ်နိုင်ပေသည်။ သင်ယူမှုဟူသည် မိမိထံမှရှိပြီးသော အသိဉာဏ်ပညာတို့ လျှော့ပါးသွားခြင်းမဟုတ်ဘဲ ထိုအသိဉာဏ်ပညာတို့ကို ထပ်မံဖြည့်စွမ်းဖြည့်စွက်ပေးသောအရာသာဖြစ်ပေသည်။ သင်ယူရန် ပျင်းရိမှု၊ ဆင်ခြေပေးမှုတို့ကို ရှောင်ရှားကြရပေမည်။ လူတစ်ယောက်ထံက အသိပညာအတတ်ပညာတို့ သင်ယူလိုက်ပါ။ လူတစ်ရာကို ဆရာပြန်လုပ်နိုင်သည်။ ထိုသို့ ပညာသင်ယူချိန်တွင် မသင်ယူခဲ့ပါလျှင် လူတစ်ရာမဆိုထားနှင့် လူတစ်ယောက်ကိုပင် ဆရာလုပ်နိုင်မည်မဟုတ်ပေ။ အတတ်ပညာမှာ အဖူးအငုံဖြစ်ခဲ့ပါမူ အသိပညာသည် အသီးအပွင့်ဖြစ်၍ သင်ယူမှုသည် အဓိကရေသောက်မြစ်ဖြစ်သည်။ မိမိတို့ဘဝရိပ်မြုံ၌ အောင်မြင်မှုဟူသောအညွန့်အတက် အခက်အလက်တို့ဝေဆာရန် ကနဦးအဖြစ် သင်ယူရန်အချိန်ပေးကြရပေမည်။

**အကြောင်းပြချက်တို့ ရှောင်ရှားပါ**

သူငယ်ချင်းတစ်ယောက်သည် လစာကောင်းကောင်းနှင့် စက်ရုံတစ်ရုံ၌ စက်ပြင်ထိန်းအလုပ်ကို ရရှိလိုသည်။ သို့သော် ထိုအလုပ်တစ်ခုရရန် အတတ်ပညာရရှိရေးသင်တန်းများတက်ခြင်း၊ အတွေ့အကြုံများယူခြင်းကိုမူ မပြုလုပ်ပေ။ "စားဝတ်နေရေးအခက်အခဲရှိသေးတယ်၊ သင်တန်းတွေအတွက် ငွေကုန်မခံနိုင်ဘူး၊ အချိန်မပေးနိုင်ဘူး"စသည်ဖြင့် အကြောင်းပြချက်များနှင့် အမြဲပြောသည်။ ထိုသူငယ်ချင်းသည် လုပ်ငန်းပိုင်းကို သေချာလေ့လာသင်ယူမှုမပြုလုပ်၍ လုပ်ငန်းတာဝန်ခံ၊ စက်မှုအကြီးအကဲခေါင်းဆောင်အဆင့်သို့ ယနေ့တိုင်မရောက်နိုင်ဘဲ အချိန်ကုန်လျက်အသက်သာကြီးနေသည်။ သင်ယူမှုအတွက် အကြောင်းပြချက်ရှိနေသူများတွင် ကြီးမြင့်မှုအဆင့်မရောက်နိုင်ပေ။ အကြောင်းပြချက်မျိုးစုံပေးတတ်သောအကျင့်များကို ဖျောက်ဖျက်ပစ်ကြရပေမည်။ သို့မှသာ တတ်အောင်သင်သူ၊ တော်အောင်လေ့ကျင့်သူဖြစ်လျက် ဘဝခရီး၌ လူနေမှုအဆင့်အတန်းလည်း မြင့်ပေမည်။

အသိပညာ၊ အတတ်ပညာမပါလျှင် ကုဋေရှစ်ဆယ်သူကြွယ်သားဖြစ်ပါစေမူ ရွာမှထွက်၍ တော၌သေသောပုံပြင်ကို သိကြပေမည်။ မိမိတို့ဘဝလမ်း၌ အတတ်ပညာနှင့် အသက်မွေးရမည်ဖြစ်ပြီး အသိပညာနှင့် ထိန်းကျောင်းမောင်းနှင်ရှင်သန်ကြရပေမည်။ သို့တည်းမဟုတ် သင်ယူမှုကိုအကြောင်းပြချက်မျိုးစုံနှင့်ငြင်းဆန်နေပါမူ မှားယွင်းသော ဘဝအစပင်ဖြစ်ပေမည်။ တချို့သော ပညာရပ်တို့သည် တစ်ခါတလေ မသင်ယူပါဘဲ ဆင်ကန်းတောတိုးနှင့် တည့်သွားသောလုပ်ငန်းများရှိသကဲ့သို့ သီအိုရီနှင့် လက်တွေ့တို့ကို သေချာမသင်ကြားခဲ့ပါလျှင် အသက်အန္တရာယ်ထိပါ ထိခိုက်နိုင်ပေ၏။ ဥပမာအားဖြင့် လျှပ်စစ်ပညာအခြေခံကို စနစ်တကျမသင်ယူခဲ့ပါမူ အန္တရာယ်ရှိနိုင်သည်။ မြွေကိုက်လျှင်ဆေးရှိသော်လည်း လျှပ်စစ်ဓာတ်လိုက်ပါမူ ဆေးမရှိပါပေ။ ထို့အတူ ဆောက်လုပ်ရေး၊ စက်မှုနည်းပညာ အစရှိသည်တို့သည် ဘေးအန္တရာယ်ကင်းရှင်းရေးအချက်များကိုမဖြစ်မနေသင်ယူကြရသည်။ သို့မှသာ ဆောင်ရန်၊ ရှောင်ရန်တို့ကို သိရှိနားလည်၍ ဘေးအန္တရာယ်ကင်းကင်း လုပ်ဆောင်နိုင်ပါ၏။ ထိုသင်ယူမှုတို့၌ အကြောင်းပြချက်များ၊ ဆင်ခြေများပေးပါမူ တိုးတက်သင့်သလောက်မတိုးတက်ဘဲ မိမိ၏ သိမှုတတ်မှုတို့သည် တုံ့ဆိုင်းနှေးကွေးပေလိမ့်မည်။

**ဝေဖန်သုံးသပ်ကြည့်ပါ**

မိမိသည် သာမန်ဝန်ထမ်းဖြစ်ပါမူ အခြေခံလစာအနည်းဆုံးဖြစ်ပါ၍ အပင်ပန်းဆုံးအလုပ်ဖြစ်ကာ အချိန်ပြည့်အလုပ်လုပ်လျက် နေ့စဉ်နေ့တိုင်းနားရက်မရှိနွမ်းလျနိုင်သည်။ မိမိကိုယ်ကို အပြန်ပြန်အလှန်လှန်သုံးသပ်ကာ မညှာမတာအားမနာတမ်း ဝေဖန်ရမည်။ သို့မှသာ မိမိလိုအပ်ချက်များကို ပြင်ဆင်လျက် အားနည်းချက်၊ အားသာချက်တို့နှင့် ထိန်းကွပ်ဆက်လက်ဆောင်ရွက်နိုင်ပေ၏။ ပစ္စုပ္ပန်တည့်မတ်မှသာ အနာဂတ်တို့မတိမ်းစောင်းပေမည်။ သေချာသုံးသပ်ပါလျှင် သာမန်ရိုးရိုးလုပ်သားနှင့် ကျွမ်းကျင်လုပ်သား မတူညီနိုင်မှုတို့များစွာရှိပေ၏။ ဥပမာအားဖြင့် အခြေခံ လစာ၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်စသည်ဖြင့်ရှိပေသည်။ မိမိကိုယ်ကို ရောင့်ရဲတင်းတိမ်နေပါမူ မိမိ၏ကိုယ်စွမ်းကိုယ်စ၊ ကိုယ်ပိုင်အရည်အချင်းတို့ မဖွံ့ဖြိုးမတိုးတက်နိုင်ပေ။ ထို့ကြောင့် ဆရာကြီး ပီမိုးနင်းကမူ "ရောင့်ရဲတင်းတိမ်ခြင်းသည် မြတ်၏။ သို့သော် ရောင့်ရဲတင်းတိမ်သောသူမျိုးသည် အောက်ကျနောက်ကျသောဘဝမှ ဘယ်သောအခါမျှ လွတ်မြောက်မည်မဟုတ်ပေ"ဟု မီးမောင်းထိုးပြခဲ့၏။

**သင်ယူမှုအတွက် စတင်ပါ**

နိုင်ငံခြားသို့ ရရာလမ်း၊ ရရာအလုပ်နှင့်သွားနေကြသောလူများကို ဆရာနန္ဒမိုးကမူ "နိုင်ငံခြားကို မသွားနဲ့တော့မတားပါဘူး။ နိုင်ငံခြားသွားချင်ရင် အဲကွန်း၊ လျှပ်စစ် အစရှိသောအတတ်ပညာတစ်ခုခုကို သင်ယူသွားကြပါ။ ဒါမှ တိုင်းတစ်ပါးမှာ မျက်နှာမငယ်ရမှာ။ ပညာကို အရင်သင်ယူသွားကြပါ။ ကိုယ်က ဘာမှမသိ၊ ဘာမှမတတ်ရင် သူတို့ခိုင်းတာပဲလုပ်ရင်း ကိုယ့်ဘဝရဲ့အချိန်တွေ ဈေးပေါပေါနဲ့ရောင်းစားရလိမ့်မယ်"ဟု ပြောဖူးသည်။ မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ သင်ယူမှုနှင့်တာထွက်ခြင်း ပြုလုပ်သင့်လှသည်။ သင်ကြားတတ်မြောက်ပြီး ကျွမ်းကျင်မှုအဆင့်ရောက်ပါလျှင် လူတို့ကြား ခေါင်းမော့ရင်ကော့နိုင်၏။

တစ်ပါးသူတို့ခိုင်းသမျှကိုခံရကာ ပြုလုပ်ရှင်သန်နေရသောသူသည် ပညာမရှိပါ၍ နွားပမာပင်ဖြစ်နိုင်ကြောင်းနှင့် ပညာရှိသူသည်သာ လောက၌ အရေးပါအရာရောက်နိုင်ကြောင်းကို "ပညာမဲ့က၊ လူ့ဗာလ၊ တမျှနွားအသွင်။ နွားနှင့်တမူ၊ တမျှတူ၊ လူဖြစ်တက်တက်စင်။ တက်တက်စင်ပြုန်း၊ လူဖြစ်ရှုံး၊ လူသုံးဖော်မဝင်။ နွားထက်ပညာ၊ လူကသာ၊ မှတ်ပါပုံပြထင်"ဟုဆို၏။ ထို့နောက် "မညှိုးဂုဏ်ရောင်၊ ဝင်းထိန်ပြောင်၊ လူ့ဘောင်ကဲမြင့်ဖြိုး။ မီးရောင်၊ လရောင်၊ နေအရောင်၊ ဉာဏ်ရောင်လွှမ်း၍မိုး။ ပညာသမာ၊ အာဘာနတ္ထိ၊ မြတ်မုနိ၊ ဟောရှိကျမ်းကိုကိုး။ ထို့ကြောင့်များစွာ၊ လူတကာ၊ ပညာရအောင်ကြိုး။ ပညာကောင်းမှာ၊ ဒေသနာ၊ သုံးရာမကုန်နိုး"ဟု သုတရတနာဆုံးမစာသံပေါက်ကဗျာကို ညောင်ပင်သာ ဦးပုညက ရေးဖွဲ့မီးမောင်းထိုးပြခဲ့သည်။ ထို့ကြောင့် မိမိတို့သည် အသိပညာ၊ အတတ်ပညာကို ကြိုးစားကာ သင်ယူဆည်းပူးကြရမည်။

**လုံ့လဝီရိယနှင့် ဆုံးဖြတ်ချက်ချလုပ်ဆောင်**

မိမိတို့သည် အလိုရှိရာကိုမျှော်မှန်းလျက် အောင်မြင်ကြောင်းလမ်းစကို တွေ့အောင်ရှာဖွေကြရပေမည်။ အောင်မြင်မှုအတွက် အတတ်ပညာကို သင်ယူကြရမည်။ အခက်အခဲဟူသော လောကဓံလှိုင်းကြမ်းကို ဇွဲသတ္တိလှော်တက်နှင့် အန်တုရင်ဆိုင်ဖြေရှင်းကြရမည်။ မိမိဘဝ အဆင်ပြေချောမွေ့စေရေး လုံလောက်သော ပေးဆပ်အရင်းအနှီးနှင့် သင်ယူဖန်တီးပုံဖော်ကြရပေမည်။

ပိုးစုန်းကြူးကဗျာ၌ "ပျင်းရိလျက်သာ၊ အိပ်နေပါ၊ ရောင်ဝါမပေါ်လွင်။ ထိုနည်းတူစွာ၊ လူတို့မှာ၊ ပမာနှိုင်းဆင်ခြင်။ ကိုယ်နှင့်ဆိုင်ဘိ၊ အလုပ်ရှိ၊ လျှံငြိဂုဏ်ရောင်ထင်။ ကမ္ဘာတိုက်ဘောင်၊ အလုပ်ရောင်၊ ထွန်းပြောင်အမြဲပင်။ ပျင်းပျင်းရိရိ၊ အိပ်နေဘိ၊ မရှိအလုပ်ခွင်။ မှေးတေးမှိန်တိမ်၊ သေးသိမ်သိမ်၊ အရှိန်ကင်းလိမ့်ပင်။ လူဖြစ်ပါခဲ့၊ အရှိန်မဲ့၊ တကယ့်နွားအသွင်။ အပျင်းရောဂါ၊ စွဲကပ်လာ၊ မြန်စွာကုဖို့ပြင်။ မကုစားဘဲ၊ အပျင်းစွဲ၊ ငမွဲငနုံပင်"ဟု လယ်တီပဏ္ဍိတဦးမောင်ကြီးက ငယ်စဉ်ကပင် လမ်းညွှန်ဆုံးမထားပေ၏။ ပျင်းရိခြင်းခြောက်ပါးနှင့် နေထိုင်ရှင်သန်ပါမူ မိမိတို့ဘဝသည် ဂုဏ်ရောင်မတောက်ပနိုင်ပေ။ တွေးတောကြံဆနည်းလမ်းရဆိုသကဲ့သို့ တွေးတောလျက် သင်ယူမှုနှင့်တကွ ကြိုးကုတ်ကြရပေမည်။ သို့မှသာ ပိုးစုန်းကြူးကဲ့သို့ အမှောင်ထဲတွင် အရောင်လင်းကာ ဘဝအလင်းဓာတ်ရရှိပြီး လူ့ဘုံအလယ်တင့်တယ်ပေမည်။

မိမိသည် အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်ဖြစ်လိုပါမူ ဖြစ်ကိုဖြစ်ပါသည်။ အောင်မြင်သောစာရေးဆရာ၊ အောင်မြင်သောဒီဇိုင်နာ အစရှိသည်တို့ ဆန္ဒရှိပါမူ မိမိရည်ရွယ်ရာသို့ သန္နိဋ္ဌာန်ထားလျှောက်လှမ်းကြရပေမည်။ လုံလောက်သောဝါယမစိုက်ထုတ်မှု၊ သည်းခံခြင်း၊ ဇွဲသတ္တိနှင့် မပြတ်ဆည်းပူးလေ့လာလိုက်စားပါမူ ဖြစ်ကိုဖြစ်ပေသည်။

**အချိန်ရှိခိုက်လုံ့လစိုက်**

မိမိတို့သည် အချိန်ကိုအသုံးချကာ မိမိသွားလိုသောပန်းတိုင်၊ ရောက်လိုသောအနေအထားသို့ ရည်ရွယ်ချက်ကြီးမားလျက်သွားပါမှ တော်ကာကျလိမ့်မည်။ အချိန်သည် အလွန်ရေးကြီးပေ၏။ သူ့အရွယ်နှင့်သူ ပထမ၊ ဒုတိယ၊ တတိယအရွယ်တို့၌ ဘဝကိုလှပရေး ဟန်ချက်ညီညီရှင်သန်နေထိုင်ရပေမည်။ ဆရာကန်မြဲအေးကျော်ကမူ အချိန်ကာလ၏ အရေးကြီးပုံကို သတိပြုမိရန် "ပန်းရည်ဘဏ်တိုက်သီချင်း"နှင့်အလင်းပြခဲ့ပေသည်။ ထိုအထဲမှ အနည်းငယ်ထုတ်ပြရပါလျှင် "မိုးလေသာခိုက် သယ်ယူလိုက်ပ့ါ ပန်းရည်ဘဏ်တိုက်ဆောက်ကြပါလေကုန်"ဟု ဖြစ်၏။ အချိန်ရှိခိုက်၌ လိမ္မာပါးနပ်စွာ အချိန်ကို ပညာရေး၊ လူမှုရေး၊ စီးပွားရေး အဘက်ဘက်မှ သုံးသပ်လျက် ယူဆောင်လိုက်နာသင့်ပါပေ၏။

ဆရာကြီးပီမိုးနင်းကမူ "အချိန်သည် အဖိုးတန်ဆုံးသောအရင်းအနှီး"ဟု သုံးနှုန်းခဲ့ပေသည်။ မိမိဦးနှောက်နှင့် အသိဉာဏ်ဖွံ့ဖြိုးမှုကို ရှေးရှုလုပ်ဆောင်လျက် တစ်ရက်ကြီး တစ်နည်းသာသောလူဖြစ်ရန် ကြိုးစားရပေမည်။ မိမိဘဝနိမ့်ကျနေပါမူ အချိန်ကို အကျိုးရှိရှိအသုံးပြု၍ ကြီးမြင့်သောအဆင့်သို့ တက်လှမ်းကြရပေမည်။

အချုပ်ဆိုရပါသော် လူတို့သည် ပညာတတ်တစ်ယောက်ဖြစ်ရန် အခြေခံပညာရေး၊ တက္ကသိုလ်ပညာရေး အစရှိသည်တို့ကို အချိန်များအရင်းအနှီးပြု သင်ယူကြရသကဲ့သို အသက်မွေးမှုအတတ်ပညာကိုလည်း တစ်လ၊ တစ်နှစ် စသည်ဖြင့် အချိန်ပေးသင်ယူလိုက်ခြင်းသည် ဘဝ၏အပြောင်းလဲတစ်ခု၊ အရွေ့တစ်ခုဖြစ်နိုင်ပေသည်။ တတ်ချင်လျှင်သင် တော်ချင်လျှင်လေ့ကျင့်ရမည်ဖြစ်ပါ၍ တတ်အောင်သင်ကာ တော်အောင်လေ့ကျင့်ကြရပေမည်။ ငယ်စဉ်က ပညာကို သေချာမသင်ယူခဲ့ပါသော် လူတကာ၏ခိုင်းဘက်အဖြစ်နှင့် နိမ့်ကျသောဘဝတို့၌ ကျင်လည်ရင်းရှင်သန်ရတတ်ပါ၍ သင်ယူမှုအတွက် အချိန်ပေးရန် အထူးလိုအပ်ပေသည်။ သင်သောအခါ တတ်မြောက်ပါ၍ ဘဝကိုလည်း ကောင်းစွာရပ်တည်နိုင်ပေမည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်ချင်းစီမှစ၍ မိမိဝန်းကျင်၊ မိမိမြို့နယ်၊ တိုင်းနိုင်ငံထိ ကောင်းကျိုးပြုနိုင်ပေသည်။ သာယာသောဘဝ လှပသောအတတ်ပညာတို့နှင့် မိမိဘဝကိုဆင်မြန်းကာ လူ့ဘောင်လောကအလှ ဖန်တီးတည်ဆောက်နိုင်ကြပါစေကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**

- ဟောပြောပွဲများ(ဆရာအောင်သင်း)
- ပန်းရည်ဘဏ်တိုက်(ကန်မြဲအေးကျော်)
- အဖိုးတန်ဆုံးသောအရင်းနှီး၊ ကိုယ်ဒူးကိုယ်ချွန်(ပီမိုးနင်း)
- ဒသသနများ(နန္ဒမိုး)၊
- သုတရတနာဆုံးမစာ (ညောင်ပင်သာဦးပုည)
- ပိုးစုန်းကြူး(လယ်တီပဏ္ဍိတဦးမောင်ကြီး)

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး
စာပေကဏ္ဍ

## သစ္စာ၏ အကျိုး

မင်္ဂလာပါ သားသားမီးမီးတို့ရေ။ ဦးဦး ဒီတစ်ပတ်ပြောပြမဲ့ ပုံပြင်လေးကတော့ "သစ္စာ၏ အကျိုး" ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဖြဟ္မဒတ်မင်းကြီး အုပ်ချုပ်သတဲ့ကွယ်။ အဲဒီတိုင်းပြည်မှာ အလွန်ဆင်းရဲတဲ့ မရွှေလှဆိုတဲ့ အမျိုးသမီးလဲရှိသတဲ့။ မရွှေလှဟာ နာမည်လှသလို ရုပ်ရည်ကလဲ ချောသတဲ့။ ဒ့ါပြင် စိတ်သဘောကောင်းပြီး စကားပြောတဲ့အခါမှာလဲ ချိုချိုသာသာ ပြောတတ်တယ်။ ဒါပေမဲ့ အလွန်ဆင်းရဲတဲ့ မိန်းကလေးဖြစ်သတဲ့။ အသက်အရွယ်ကြီးတဲ့ မိအို၊ ဖအိုကိုရှာဖွေ ကျွေးမွေးတဲ့ အမျိုးသမီးလေးပေ့ါ။ မရွှေလှဟာ မိဘပိုင်တဲ့ ခြံဝင်းထဲမှာ သီးပင်စားပင်တွေကို ကိုယ်တိုင်စိုက်ပျိုးပြီး ပြန်ရောင်းစားကာ ဝမ်းရေးကိုဖြေရှင်းတတ်တဲ့ သူလဲဖြစ်သတဲ့။ မရွှေလှလေး ဘာပင်စိုက်စိုက် အသီးအနှံတွေဟာ အောင်မြင်ဖြစ်ထွန်းတယ်။ မရွှေလှဟာ အကျင့်ကောင်းတစ်ခုကို ပိုင်ဆိုင်ထားသူလဲဖြစ်တယ်။ ခြံထဲဆင်းတိုင်း သီးပင်စားပင်တွေနဲ့ စကားအမြဲ ပြောတတ်တဲ့အကျင့်လဲရှိသတဲ့။

"သီးပင်စားပင်လေးတွေ ကျန်းမာပါစေ၊ ချမ်းသာပါစေ။ အန္တရာယ် အခက်အခဲတွေလဲ မကြုံပါစေနဲ့" လို့ မရွှေလှဟာ သစ်ပင်ရဲ့ပင်စည်ကိုကိုင်ပြီး အမြဲလိုလို မေတ္တာပို့ပေးတယ်။ မရွှေလှ မေတ္တာပို့ပြီဆိုရင် သစ်ပင်တွေဟာ လေတိုက်သလို အကိုင်းအခက်တွေကို လှုပ်ခါပြသတဲ့။ မရွှေလှရဲ့ အပြုအမူကို မိဘနှစ်ပါး မြင်တဲ့အခါ –

"ငါ့သမီးကြီးလဲ တူသောအကျိုးရရှိပါစေ"လို့ မေတ္တာပို့သတဲ့ကွယ်။ မိဘပို့တဲ့ မေတ္တာအကျိုးရယ် နှုတ်ချိုစွာ ပြောတတ်တဲ့ မရွှေလှရဲ့ အပြုအမူကြောင့် သီးပင်စားပင်တွေဟာ အကိုင်းအညွန့်တွေ ကျိုးမတတ် အသီးအပွင့်တွေ ပွင့်ကြ၊သီးကြသတဲ့ကွယ်။

တစ်နေ့မှာတော့ ဖြဟ္မဒတ်မင်းကြီးရဲ့ သားငယ်ဟာ နာမကျန်းဖြစ်သတဲ့ကွယ်။ နန်းတွင်းသမားတော်တွေဟာ ဆေးနည်းအမျိုးမျိုးနဲ့ မင်းသားလေးကို ကုသတယ်။ နန်းတွင်းသမားတော်တွေ ဆေးဘယ်လိုကုကု မင်းသားလေးရဲ့ရောဂါဟာ မကျန်းမာတဲ့အပြင် ပိုဆိုးလာသတဲ့။ မင်းသားလေးဟာ ကျန်းမာရေးကြောင့် အရိုးပေါ်အရေတင်တဲ့ထိ ခန္ဓာကိုယ်ကဖြစ်လာတာပေ့ါ။ နောက်ဆုံး နန်းတွင်းသမားတော်တွေဟာ မင်းသားလေးရဲ့ ရောဂါအခြေအနေကို လက်လျှော့လိုက်ကြောင်း မင်းကြီးကို လျှောက်တင်သတဲ့



ကွယ်။ မင်းကြီးနဲ့ မိဖုရားကြီးဟာ သားတော်ရဲ့ အခြေအနေမှန်ကို သိသွားတဲ့အခါ တိုင်းရေးပြည်ရေးကို မလုပ်နိုင်ဘဲ ငိုကြွေးနေရှာသတဲ့ကွယ်။

အဲဒီအချိန်မှာ သိကြားမင်းဟာ အဘိုးအိုယောင်ဆောင်ပြီး မင်းကြီးဆီကို လာသတဲ့။ အဘိုးအိုရဲ့လက်ထဲမှာ သရက်စေ့တစ်စေ့လဲ ပါလာသတဲ့။ မင်းကြီးကို တွေ့တဲ့အခါ အဘိုးအိုက–

"မင်းကြီး ကျွန်ုပ် အခုယူလာတဲ့ သရက်စေ့ဟာ မင်းသားလေးအတွက်ပါ"လို့ ပြောလိုက်သတဲ့။ အဲဒီအခါမင်းကြီးက သရက်စေ့ဟာမင်းသားလေးအတွက် ဘယ်လိုအသုံးဝင်ကြောင်း အဘိုးအိုကိုမေးသတဲ့။ အဘိုးက" အခု ကျွန်ုပ်ပေးတဲ့ သရက်စေ့ဟာ စိုက်ပြီးသုံးလပဲ အသက်ရှင်မယ်။ အရှင်မင်းကြီးက အဲဒီသုံးလအတွင်း သရက်စေ့ကိုစိုက်ပါ။ အသီးသီးအောင်လုပ်ပါ။ အသီးသီးလို့ အဲဒီသရက်သီးကို မင်းသားလေးကိုကျွေးရင် ရောဂါပျောက်ကင်းပါလိမ့်မယ်"လို့ပြောသတဲ့။ အဘိုးအိုဟာ မင်းကြီးကို စကားပြောပြီးပြီးချင်း ပြန်သွားသတဲ့ကွယ်။

မင်းကြီးလဲ သားဇောနဲ့ ဥယျာဉ်မှူးအားလုံးကို ခေါ်ပြီး အကျိုးအကြောင်းပြောကာ သရက်စေ့ကို စိုက်စေသတဲ့။ တစ်လကြာတဲ့အခါ သရက်စေ့ဟာ လူတစ်ရပ်လောက်ရှည်လာသတဲ့။ ဥယျာဉ်မှူးအားလုံးဟာ သရက်ပင်ကို နို့တွေလောင်း၊ အသီးသီးအောင် အမျိုးမျိုးပြုပြင်ကြသတဲ့။ ဒါပေမဲ့ သရက်ပင်ဟာ အသီး သီးမလာဘူးကွယ်။ နှစ်လပြည့်တဲ့ထိ သရက်ပင်ဟာ အသီးမသီးတဲ့အတွက် ဥယျာဉ်မှူးတို့ဟာ သေဒဏ်ပေးမှာစိုးရိမ်ပြီး ထွက်ပြေးကြတာပေ့ါ။ မင်းကြီးဟာ မှူးမတ်တွေနဲ့ တိုင်ပင်ပြီး နန်းတွင်းက သရက်ပင်ကို အသီးသီးအောင်လုပ်နိုင်တဲ့ ဘယ်သူမဆို လိုရာဆန္ဒကို ဖြည့်ဆည်းပေးမဲ့အကြောင်း မောင်းခတ်စေသတဲ့။

ဒီအကြောင်းအရာကို မရွှေလှကြားတဲ့အခါ မိဘနှစ်ပါးကို ခွင့်ပန်ပြီး နန်းတော်ထဲကို သွားသတဲ့။ အဲဒီနောက် မင်းကြီးနဲ့တွေ့ဆုံပြီး သရက်ပင်က သရက်သီးရအောင် ဆောင်ကြဉ်းပေးမဲ့အကြောင်း လျှောက်သတဲ့။ မင်းကြီးကလဲ ခွင့်ပြုတော်မူသတဲ့။ မရွှေလှဟာ ပထမဦးဆုံး သရက်ပင်ရဲ့ ပင်စည်ကို ကိုင်ပြီး စကားဆိုသတဲ့။

"သရက်ပင်လေးရေ ကျန်းမာချမ်းသာပါစေ။ ငါတို့ဟာ ရေစက်ရှိလို့ တွေ့ဆုံရတာ။ ငါ မင်းကို ကောင်းကောင်းပြုစုပေးပ့ါမယ်။ တိုင်းပြည်အုပ်ချုပ်မဲ့ မင်းသားလေး နေကောင်းအောင် အသီးသီးပေးပါ။ ငါတောင်းဆိုပါတယ်"လို့ နေတိုင်းပြောသတဲ့။ မရွှေလှလေး ဘယ်လိုပြောပြော သရက်ပင်ဟာ အသီးမသီးဘူး။ သရက်ပင်ဟာ သုံးလပြည့်ဖို့ နီးလာသတဲ့။ နောက်ဆုံး မရွှေလှဟာ သရက်ပင်ရဲ့ ပင်စည်ကို ကိုင်ကာ သစ္စာဆိုသတဲ့။

"ကျွန်မသည် လူမှန်းသိတတ်စ ကတည်းက မိဘကို လုပ်ကိုင်ကျွေးမွေးသောသူဖြစ်ပါတယ်။ ဤသစ္စာစကားမှန်ကန်ပါက ဤသရက်ပင်မှ သရက်သီး သီးပါစေ"လို့ မရွှေလှ သစ္စာဆိုသတဲ့။ မရွှေလှရဲ့ မှန်ကန်တဲ့ သစ္စာစကားကြောင့် သရက်ပင်ဟာ ချက်ချင်းဆိုသလို သရက်သီးတစ်လုံးသီးသတဲ့။ မရွှေလှဟာ သရက်သီးသီးတာကိုမြင်ပြီး အလွန်ပျော်သွားသတဲ့။ မရွှေလှကိုယ်တိုင် သရက်သီးကို ခူးပြီး မင်းသားလေးကို စားစေသတဲ့ကွယ်။ မင်းသားလေးလဲ သရက်သီးကို စားပြီးပြီးချင်း ကျန်းမာရေး ကောင်းမွန်လာသတဲ့။ မင်းကြီးနဲ့ မိဖုရားကြီးဟာ သားတော်ရဲ့အခြေအနေကိုသိပြီး အလွန်ပျော်ရွှင်သွားကာ မရွှေလှကို ဆုတော်တွေချီးမြှင့်ပြီး ဥယျာဉ်မှူးရာထူးကို ခန့်လိုက်သတဲ့ကွယ်။ နောက်ဆုံး မင်းကြီးဟာ သားတော်လေးနဲ့ မရွှေလှကို ထိမ်းမြားပေးသတဲ့ကွယ်။

ပုံပြင်လေးကတော့ဒါပါပဲသားသားမီးမီးတို့ရေ။ "သစ္စာ၏ အကျိုး" ပုံပြင်ထဲက မရွှေလှလို သားသားမီးမီးတို့လဲ စကားကိုချိုသာစွာပြောပြီး မိဘတို့ကို လုပ်ကိုင်ကျွေးမွေးကြပါလို့ တိုက်တွန်းလိုက်ပါတယ်ကွယ်။

မောင်ပုည(ဟင်္သာတမြေ)

## မေတ္တာလက်ဆောင်များ

- ညောင်ဦးမြို့က ပုံးရည်ကြီး
  စလေ ဆီးချိုသီး၊
  ထန်းသီးမုန့်ဖွေး ရေစကြို
  ပင်လောင်း လက်ဖက်စို။
- တောင်သာမြို့ဆို ရေအိုးကောင်း
  ထန်းလျက် ကျောက်ပန်းတောင်း၊
  မုန့်ဩဇာချောင်း နာမည်ကျော်
  ငါ့သရောက်မြို့နော်။
- တောင်ပေါ်မြေက မိုင်းပန်မြို့
  ကြက်သွန်ဖြူဆို ကောင်းတယ်ဗျို့
  တောင်ပေါ်မြေပြန့် လက်ဆောင်ပို့။ ။



ကန်မြဲ ချစ်မင်းဝေ

## ကျောင်းသွားချိန်

- သနပ်ခါးလေးပါးပေါ်တင်
  ခေါင်းကလေးကိုပြင်၊
  ဖြူဖြူစင်စင်ဝတ်ဆင်ထား
  နိုင်ငံ့သားကောင်းများ။
- ပန်းကလေးများလှလိုက်တာ
  နံနက်ချိန်အခါ၊
  ဖူးပွင့်ဝေဆာရနံ့သင်း
  ရွှေရည်တဝင်းဝင်း။ ။



တက္ကသိုလ်မောင်နှင်းဝေ







## တန်ဖိုးမြှင့်စားသောက်ကုန်(Bakery)ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်ပို့ချမည်

| | |
|---|---|
| ရည်ရွယ်ချက် | - ဆန်၊ ပဲ၊ ပြောင်းနှင့် ဂျုံများကိုအခြေခံ၍တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ကျန်းမာရေးနှင့်ညီညွတ်စွာ ထုတ်လုပ်တတ်စေရန် |
| သင်တန်းကာလ | - ၂၃-၉-၂၀၂၄ ရက်နေ့မှ ၂၇-၉-၂၀၂၄ ရက်နေ့ အထိ |
| သင်တန်းချိန် | - နံနက် ၀၉:၀၀ နာရီမှ ၁၆:၃၀ နာရီထိ |
| ဖွင့်လှစ်မည့်နေရာ | - ၈၂ လမ်း × ၂၅ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး |
| ပို့ချမည့်ဘာသာရပ်များ | - Bakery အမျိုးမျိုးထုတ်လုပ်နည်း |
| သင်တန်းကြေး | - သင်တန်းကြေးအခမဲ့ |
| သင်တန်းပို့ချမည့်ဆရာများ | - မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှနည်းပြများနှင့် ကျွမ်းကျင်ပညာရှင်များကိုယ်တိုင် ပို့ချပါမည်။ |

သင်တန်းပြီးဆုံးသည်နှင့် စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပြီး ဌာနမှ လိုအပ်သော အကြံဉာဏ်များနှင့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပါမည်။

ဆက်သွယ်စာရင်းပေးရန်

**မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

၈၂ လမ်း × ၂၅ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့

၀၂-၄၀၃၉၆၀၉ ၊ ၀၉-၉၅၇၄၈၅၉၀၄၊

★ ★ ★ သင်တန်းဆင်းလက်မှတ်ပေးအပ်ပါမည်။

သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။ ★ ★ ★

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ **တကောင်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၉/၂၄)၊ ကွင်း/အကွက်အမည် **ရှင်တန်း**ကွင်း၊ ဦးပိုင်အမှတ်(၇၈)၊ ဧရိယာ (၀.၁၅၂)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | |
|---|---|---|
| (က) အရှေ့လားသော် | - | ဦးပိုင်အမှတ် (၈၀) |
| (ခ) အနောက်လားသော် | - | လမ်း |
| (ဂ) တောင်လားသော် | - | ဦးပိုင်အမှတ်(၇၉)၊ ကွင်းအမှတ်(၈/၂၂) |
| (ဃ) မြောက်လားသော် | - | ဦးပိုင်အမှတ်(၇၇-က) |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် **ဒေါ်ညိုညို**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၅)ရက် နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

**အဖိုးတန်ရေချိုကို ချွေတာပါ**

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ စလေ ဘက(၁)၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်စိုင်းစိုင်းဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမင်းသူ ဖြစ်ပါကြောင်း။

**ဦးမင်းသူ (၉/အမဇ(နိုင်)၀၃၀၁၁၁)**

## ဖခင်အမည်မှန်

မန္တလေး၊ အမရပူရမြို့နယ်၊ အထက(မြစ်ငယ်)၊ Grade-7 တွင် ပညာသင်ကြားနေသော မောင်ဝေယံထွန်း၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးထွန်းထွန်းအောင် ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းအောင် (၉/အမရ(နိုင်)၁၂၈၉၆၃)**

### ပျောက်ဆုံးကြောင်း

မိုးကောင်းမြို့၊ မြို့ဦးရပ်ကွက်နေ မသဥ္ဇာမေဦး (ဘ) ဦးရန်တန်းရှင် (၁/မကတ(နိုင်)၁၂၃၄၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-616705) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ ၀၉-၄၀၂၇၁၇၇၈၈

### ပျောက်ဆုံးကြောင်း

ကွတ်ခိုင်မြို့၊ တာမိုးညဲ၊ ရှောက်ဟော်နေ မရောက်ရှင်မေ (ဘ) ဦးရောက်ဟုံရှင်း (၁၃/ကခန(နိုင်)၁၃၁၂၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၃၃၆၆၃၆၀

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ MSMEလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးကြီးသည်မှာ ကုန်ကြမ်းများ၊သွင်းအားစုများ ပြည့်မီစွာရရှိရေးပင်ဖြစ်...**

**❖ ပြည်တွင်းစိုက်ပျိုးမွေးမြူရေးမှသည် ရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ခြင်းသည် သေချာသည့်ကုန်ထုတ်လုပ်ငန်းပင်ဖြစ်သဖြင့် ကုန်ကြမ်းများကို နည်းပညာများအသုံးပြု၍ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy တက္ကသိုလ်ပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Naypyitaw State Academy သို့ ရောက်ရှိကြပြီး တက္ကသိုလ်ပရဝဏ်အတွင်း ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့် သစ်ပင်များ

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

